# ကြေးမုံ
## The Mirror

၁၃၆၉ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်၊ တနင်္လာနေ့၊ (20-8-2007) (၅၄၁၅)


# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဟန်ဂေရီသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်  ဩဂုတ်  ၂၀

၂၀၀၇ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ကျရောက်သည့် ဟန်ဂေရီသမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် – **နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**ထံမှ ဟန်ဂေရီသမ္မတနိုင်ငံ သမ္မတ မစ္စတာ လာဇလို ဆိုလီလာမ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကျောက်မဲခရိုင်အတွင်း ကြံနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးမှု ကြည့်ရှုစစ်ဆေး တစ်ဧက အထွက်နှုန်းတိုးရန် မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ နည်းစနစ်ကောင်းများ ပြောင်းလဲစိုက်ပျိုးရေးမှာကြား

နေပြည်တော်  ဩဂုတ်  ၁၉

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် အုမ္မခါးအုပ်စု ရွှေညောင်ပင်ကျေးရွာရှိ ဦးညီခင်၏ ဆင်းရွှေလီအထူးအထွက်တိုး ၂၅ ဧက ကြံစိုက်ခင်းသို့ ရောက်ရှိရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောက်မဲခရိုင်နှင့် နောင်ချိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။**



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကျောက်မဲမြို့နယ် စခန်းသာကျေးရွာ တောင်သူ ဦးထွန်းကျော် စိုက်ပျိုးထားသည့် အောင်မြင်ဖြစ်ထွန်းနေသော မြေပဲစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဆင်းရွှေလီအထူးအထွက်တိုး ကြံစိုက်ခင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ စိုက်ခင်းတာဝန်ခံ ဦးဝင်းရှိန်က ဖြစ်ထွန်းအောင်မြင်နေသည့် ၂၅ ဧက ကြံစိုက်ခင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

### ဖြည့်ဆည်းဆောင်ရွက်ပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တစ်ဧကအထွက်နှုန်း တိုးတက်လာအောင် ကြံမျိုးကောင်းမျိုးသန့်များကို သုံးစွဲ၍ နည်းစနစ်ကောင်းများကို ပြောင်းလဲစိုက်ပျိုးပြီး သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများကို သတ်မှတ်သည့် အချိုးအစားအတိုင်း သုံးစွဲသွားရေးမှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✱

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## အ င် တ ာ န က် အ ာ က ာ သ သိ ပ္ပံ သ တ င်း

# အင်္ဂါဂြိုဟ်သို့ လူသား စေလွှတ်မည့် အာကာသစီမံကိန်း ရုရှား ချမှတ်

**မော်စကို  ဩဂုတ်  ၁၉**

ရုရှားနိုင်ငံသည် အင်္ဂါဂြိုဟ်သို့ လူသားစေလွှတ်မည့် အစီအစဉ်တစ်ရပ်ကို ရေးဆွဲထားပြီဖြစ်ကြောင်း ရုရှားသိပ္ပံပညာရပ်များဆိုင်ရာ အကယ်ဒမီအကြီးအကဲ ဘီလာကော့ဗ်စကီးက ယနေ့ ပြောကြားသည်။

လမျက်နှာပြင်ပေါ်သို့ လူသားခြေချနိုင်ခဲ့ပြီးနောက် နှစ်ပေါင်း ၄၀ နီးပါး အကြာတွင် အင်္ဂါဂြိုဟ်သို့ လူသား စေလွှတ်မည့် အာကာသစီမံကိန်းတစ်ရပ်ကို ရုရှားနိုင်ငံက ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

အင်္ဂါဂြိုဟ် ၅၀၀ (Mars 500) ဟူ၍ အမည်ပေးထားသော အာကာသ အစီအစဉ်အတွက် လက်တွေ့စမ်းသပ်မှုများကို မော်စကိုမြောက်ဘက်ရှိ အာကာသဇဟိုဌာန၌ ပြုလုပ်သွားမည်ဖြစ်သည်။ အင်္ဂါဂြိုဟ်သို့ လူသားစေလွှတ်ရေး ပဏာမစီမံကိန်းအရ အာကာသယာဉ်မှူး ခြောက်ဦးကို **စာမျက်နှာ ၃ ကော်လံ ၁ သို့** ■

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၂၀-၈-၂၀၀၇
(တနင်္လာနေ့)

## နှလုံးရောဂါမဖြစ်ရေး ချင့်ချိန်စားသုံးနေထိုင်

အသက်အရွယ်မရွေး လူတိုင်းကျန်းမာ အသက်ရှည်ရေးအတွက် နှလုံးနှင့်ပတ်သက်သည့် ရောဂါများ ကင်းရှင်းနေရန် လိုအပ်သည်။ လူလတ်ပိုင်းနှင့် လူကြီးပိုင်း အရွယ်တွင် သွေးကြောကျဉ်းရောဂါလက္ခဏာများ ပေါ်ပေါက်လာတတ်သည်။ အထူးသဖြင့် အသက်အရွယ် ကြီးရင့်လာသူများ၏ နှလုံးသည် နှလုံးသွေးကြောရောဂါ ရလာနိုင်သဖြင့် စနစ်တကျ နေထိုင်စားသောက်ကြရမည်ဖြစ်သည်။

ဆေးလိပ်သောက်ခြင်း၊ ဆေးရွက်ကြီးငုံခြင်း၊ ဆေးလိပ်ငွေ့ရှူရှိုက်မိခြင်းတို့သည် ရုတ်တရက် နှလုံးသွေးကြော ပိတ်ဆို့ခြင်း (Heart attack) ဖြစ်ပွားစေသော အဓိကအကြောင်းရင်းများဖြစ်သည်ဟု သိပ္ပံပညာရှင်များက လက်ခံထားကြပြီးဖြစ်သည်။

ကိုယ်လက်လှုပ်ရှားမှု နည်းသည့်လူများတွင် သွေးကြောများ ပိုမိုပျက်စီးတတ်ပြီး သွေးကြောများ ရောင်ရမ်းခြင်း၊ အဆီပိတ်ခြင်းနှင့် သွေးကြောပိတ်ခြင်းများ ဖြစ်တတ်သည်။ ထို့အပြင် ငန်လွန်း၊ ချိုလွန်းပြီး ပြည့်ဝဆီများပြားသော အစားအစာများ လွန်ကဲစွာစားသုံးခြင်းသည်လည်း သွေးကြောအဆီပိတ်ခြင်းကို ဖြစ်စေသည်။

တစ်ရက်လျှင် နာရီဝက်ခန့် လမ်းလျှောက်ခြင်း၊ နေ့စဉ် လေကောင်းလေသန့်ရှူရှိုက်၍ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ ပုံမှန်ပြုလုပ်ခြင်းတို့ဖြင့် ကိုယ်အလေးချိန် အသင့်အတင့်ကျဆင်းစေပြီး နှလုံးသွေးကြောရောဂါ ဖြစ်ပွားစေသည့် သွေးပေါင်ချိန်များခြင်း၊ သွေးတွင်းအဆီဓာတ်နှင့် အချိုဓာတ်များခြင်းတို့ကို ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

ထို့အပြင် ကိုလက်စထရောများသော အစားအသောက်များကို ရှောင်ကြဉ်ပြီး အဆီမပါသော သား၊ ငါး၊ ပဲအမျိုးမျိုး၊ ဟင်းရွက်ဆီ၊ လိမ္မော်သီး၊ ခရမ်းချဉ်သီးစသည့် အသီးအနှံများကို ပိုမိုစားသုံးကြရမည်ဖြစ်သည်။ နှလုံးသွေးကြောကျဉ်းရောဂါသည် အခြားသောရောဂါများထက် အသက်အန္တရာယ် ပိုမိုဖြစ်စေနိုင်သည့်အတွက် လူတိုင်းလူတိုင်း နေ့စဉ် ကိုယ်လက်လှုပ်ရှား လမ်းလျှောက်ခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များ စနစ်တကျ ချင့်ချိန်စားသုံးခြင်းတို့ဖြင့် နှလုံးရောဂါဖြစ်ပွားခြင်းမှ ကင်းဝေးနိုင်ကြမည်ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ပေါင်းလောင်းရေလှောင်တမံအတွင်း ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်၍ ငါးသားပေါက်များစိုက်ထည့်

နေပြည်တော် ဩဂုတ် ၁၉

**နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့်အတူ ယမန်နေ့ နံနက် ၈ နာရီတွင် နေပြည်တော် ပျဉ်းမနားခရိုင် ပေါင်းလောင်းရေလှောင်တမံ၌ ကျင်းပသော ဆည်ရေလှောင်တမံများအတွင်း ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။**

ရှေးဦးစွာ တိုင်းမှူးနှင့်ဝန်ကြီးတို့အား ပေါင်းလောင်းရေလှောင်တမံ၏ စီမံကိန်း ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဟန်သန်းက ပေါင်းလောင်းရေလှောင်တမံနှင့် ပတ်သက်သော အချက်အလက်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များဖြည့်စွက်မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပမည့်နေရာသို့ သွားရောက်၍ တက်ရောက်လာကြသူများနှင့်အတူ ပေါင်းလောင်းရေလှောင်တမံအတွင်းသို့ ငါးသားပေါက်များအား မျိုးစိုက်ထည့်ပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ ကျင်းပသည့် ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားတွင် ပေါင်းလောင်းရေလှောင်တမံအတွင်းသို့ ငါးမြစ်ချင်းကောင်ရေနှင့် ငါးခုံးမကြီးကောင်ရေ နှစ်သိန်းစီ၊ ငါးကြင်းဖြူကောင်ရေ တစ်သိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေငါးသိန်းတို့ကို မျိုးစိုက်ထည့်ပေးပြီး ယခုနှစ်တွင် ရေဆင်းဆည်၊ ငလိုက်ဆည်၊ ချောင်းမကြီးဆည်၊ ရန်အောင်မြင်ဆည်နှင့် သဲဖြူဆည်တို့တွင် ငါးသားပေါက်ကောင်ရေ သိန်း ၃၀နှင့် ရေချိုပုစွန်တုပ်မျိုး ၁ ဒသမ ၃သိန်းတို့ကို မျိုးစိုက်ထည့်ပေးပြီးဖြစ်သည်။ ဆက်လက်၍ ကျန်ရှိသည့် ဆည်ရေလှောင်တမံများ အတွင်းတွင်လည်း ငါးမျိုးများ စိုက်ထည့်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော် ပျဉ်းမနားခရိုင် ပေါင်းလောင်းရေလှောင်တမံအတွင်း ငါးသားပေါက်များ မျိုးစိုက်ထည့်ပေးစဉ်။** (သတင်းစဉ်)



**မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်ဆဲဖြစ်သော အိန္ဒိယနိုင်ငံ တက္ကသိုလ်အသီးသီးရှိ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်သစ်အတွက် ဒေါက်တာနိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး (ဆေးတက္ကသိုလ်) ဦးဆောင်သော ဓမ္မမိတ်ဆွေများက ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဥက္ကဋ္ဌ ဆရာတော်အရှင်ရာဇိန္ဒ(နာလန္ဒာ)ထံ အလှူငွေ အမေရိကန်ဒေါ်လာ၂၀၀နှင့် ငွေကျပ် ၂၇၅၅၀၀ ဆက်ကပ်လှူဒါန်းစဉ်။**(က-ပ)

## ဧရာဝတီတိုင်းဓမ္မာရုံ၌ ဝါဆိုသင်္ကန်းကပ်မည်

**ရန်ကုန် ဩဂုတ် ၁၉**

ဧရာဝတီတိုင်း ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေး အကျိုးတော်ဆောင်အဖွဲ့နှင့် ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်အသင်းများ(ရန်ကုန်)တို့စုပေါင်း၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်အမှူးပြုသော သံဃာတော် ကိုးပါးတို့အား အဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၂၁/၄၃-စီ)ကြားတောရလမ်းရှိ ဧရာဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်အသင်းများနှင့် မြို့နယ်သူ၊ မြို့နယ်သားများအားလုံးတို့သည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ လာရောက် ကြည်ညိုနိုင်ကြရန်နှင့် သင်္ကန်း၊ ဆွမ်း၊ ဝတ္ထုငွေများ ပါဝင်လှူဒါန်းလိုပါက အကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၃၇၀၅၇၉၊ ၃၈၁၃၆၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

## ပျော်ဘွယ် အရှင်ဝိသုဒ္ဓရုံသီ၏ လူငယ်ယဉ်ကျေးအလိမ္မာတရားပွဲများ

**ရန်ကုန် ဩဂုတ် ၁၉**

မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရားအနီး ဓမ္မသီဂိ ပျော်ဘွယ်ပရိယတ္တိစာသင်တိုက်နှင့် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် ဓမ္မသီဂိပျော်ဘွယ် ပဋိပတ္တိ သာသနာ့ရိပ်သာတို့၏ ပဓာနနာယက ဂန္ထဝါစကပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇ၊ ကမ္မဋ္ဌာနာစရိယ၊ ပြည်တွင်း၊ ပြည်ပသာသနာပြု ဓမ္မကထိက ပျော်ဘွယ် အရှင်ဝိသုဒ္ဓရုံသီသည် မြောက်ဥက္ကလာပမြို့နယ် (၁) ရပ်ကွက် အမှတ်(၅) အခြေခံပညာ အလယ်တန်းကျောင်း ခန်းမဆောင်၌ ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီတွင် တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီတွင် တစ်ကြိမ်၊ ဒဂုံမြို့သစ်မြောက်ပိုင်း အထက (၄) ခန်းမဆောင်၌ ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီတွင် တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီတွင် တစ်ကြိမ်၊ ရွှေပြည်သာမြို့သစ် အထက(၃) ခန်းမဆောင်၌ ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီတွင် ကျောင်းသား၊ ကျောင်းသူများအား လူငယ်ယဉ်ကျေး အလိမ္မာတရားများ ဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (က-ပ)

**ပန်းဘဲတန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ဩဂုတ် ၁၈ရက်က ဗိုလ်ဆွန်ပက်လမ်း(အလယ်)လမ်းသာယာရေး ကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်သန်း၊ အတွင်းရေးမှူး ဦးခင်မောင်ဝင်းတို့ ကြီးမှူး၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ဆောင်ရွက်နေမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်နှင့်အဖွဲ့ ကြည့်ရှုအားပေးစဉ်။**(က-ပ)



## ညောင်စာရေးတိုက်နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

**ရန်ကုန် ဩဂုတ် ၁၉**

ရွှေတောင်မြို့နယ် ညောင်စာရေးတိုက်နယ်အသင်း(ရန်ကုန်)က ကြီးမှူး၍ ရန်ကုန်ရောက်တိုက်နယ်သူ၊ တိုက်နယ်သားများ စုပေါင်း၍ ပထမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ၂၀၀၆-၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် အသင်းသူ၊ အသင်းသားများ၏ သား၊ သမီးများအား ထောက်ပံ့ငွေချီးမြှင့်ပွဲကို ဩဂုတ် ၂၆ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကင်းမြို့နယ် ပဥ္စနိကာယ သာသနဗိမာန်ကျောင်းတိုက် သံယုတ္တနိကာယ်ကျောင်းဆောင်တွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများ၊ တိုက်နယ်သူ၊ တိုက်နယ်သားများ တက်ရောက်ကြပါရန်နှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်း ကြိုတင်ပေးပို့ကြရန် နှိုးဆော်ထားသည်။ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို ဖုန်း-၅၆၄၃၆၀၊ ဥက္ကဋ္ဌ ဦးတင်ညွန့် ဖုန်း-၂၉၉၆၆၅၊ အတွင်းရေးမှူး ဦးဝင်းနိုင် ဖုန်း-၅၀၈၄၄၃၊ ဘဏ္ဍာရေးမှူး ဦးဝင်းဆွေ ဖုန်း-၀၉၅၁ ၃၄၄၄၉၊ အမှုဆောင် ဦးသိန်းနိုင်၊ ဖုန်း-၀၉၅၁ ၃၀၄၄၀၊ အမှုဆောင် ဦးလှစော ဖုန်း-၆၆၅၈၀၃၊ အမှုဆောင် ဦးမြတ်မိုးနိုင် ဖုန်း-၀၉၅၁၇၂၅၆၇ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)



**ဩဂုတ် ၁၆ ရက်က တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ ကြီးကြပ်မှုဖြင့် ဘိုးလိမ်းအောင် မင်္ဂလာ ရပ်ကွက်တွင် မြို့နယ်ကျန်းမာရေး ဦးစီးဌာန၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် လူမှုရေး အသင်းအဖွဲ့တို့စုပေါင်း၍ သွေးလွန် တုပ် ကွေးရောဂါ ကာကွယ်ရေးအတွက် ပိုးလောက်လမ်း မပေါက်ပွားစေရန် ဆေးထည့်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်း ဆောင်ရွက်ကြစဉ်။** (ကျန်းမာရေး)





**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း နောင်ချိုမြို့နယ် ရွှေညောင်ပင်ကျေးရွာ ဆင်းရွှေလီအထူးအထွက်တိုး ကြံစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

### ✳ ရှေ့ဖုံးမှ

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ်တွင် ၂၀၀၇ ခုနှစ်အတွက် ကြံစိုက်ခင်း ၉၉၇၆ ဧက စိုက်ပျိုးရန် လျာထားရာ ယခုအခါ လျာထားဧကကိုပြည့်မီအောင် စိုက်ပျိုးနိုင်ပြီး အထွက်တိုးဖုန်တွင် ကြံတစ်ဧကလျှင် တန် ၅၀ မှ ၅၅ တန်အထိ ထွက်ရှိကြောင်း သိရှိရသည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နောင်ချိုရိပ်သာ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံရာ နောင်ချိုမြို့နယ်တွင် တည်ဆောက်မည့် ပြောင်လျှိုရေအားလျှပ်စစ်စီမံကိန်းနှင့် စပ်လျဉ်း၍ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေဝင်းသိန်းက ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဝက်ဝံ-တောင်ခမ်းလမ်း အမြန်ပြီးစီးရေးအတွက် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ် ဆောင်ရွက်ပေးရန်နှင့် လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နောင်ချို-ကျောက်မဲ ကားလမ်းဘေးဝဲ/ယာရှိ ဖြစ်ထွန်းအောင်မြင်နေသော ခြံစည်းရိုးကြက်ဆူစိုက်ခင်းများ၊ ပြောင်းစိုက်ခင်းများနှင့် လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ မန္တလေး-လားရှိုး ကားလမ်း မိုင်တိုင်အမှတ် (၁၀၀/၅)ရှိ ကျောက်မဲခရိုင် ကျောက်မဲမြို့နယ် စခန်းသာကျေးရွာ စကမြေပဲစိုက်ပျိုးပွဲသို့ ရောက်ရှိသည်။

**ဖြည့်စွက်မှာကြား**

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးမြကျော်က ကျောက်မဲမြို့နယ်၏ ဆီထွက်သီးနှံစိုက်ပျိုးမှု၊ ဆီဖူလုံမှု အခြေအနေနှင့် မြေပဲစိုက်ပျိုးရာ၌ လိုက်နာရမည့်အချက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် တိုင်းမှူးတို့သည် စကမြေပဲမျိုးစေ့များကို စိုက်ပျိုးပေးပြီး တောင်သူဦးထွန်းကျော် စိုက်ပျိုးထားသည့် အောင်မြင်ဖြစ်ထွန်းနေသော မြေပဲစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မြေပဲစိုက်ပျိုးပွဲကို တက်ရောက်ကြသည့် မြေပဲစိုက်တောင်သူများနှင့် ဒေသခံများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး ရှမ်းရိုးရာအကများဖြင့် ကပြဖျော်ဖြေကြသည့် ယဉ်ကျေးမှုအဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ကျောက်မဲမြို့နယ်အနေဖြင့် ၂၀၀၇-၂၀၀၈ မိုးရာသီ ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာ တိုးချဲ့စိုက်ပျိုး သွားမည်ဖြစ်ရာ မိုးမြေပဲ လျာထားချက် ၄၁၀၂ ဧကတွင် ၃၉၇၇ ဧက စိုက်ပြီးဖြစ်ကြောင်း၊ မိုးနှမ်းလျာထားချက် ဧက ၄၄၀ တွင် စိုက်ပြီးဧက ၂၅၂ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် မိုးနေကြာလျာထားချက် ဧက ၁၂၀ တွင် ၁၂၂ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရှိရသည်။ အဆိုပါ တောင်သူကြီး ဦးထွန်းကျော်၏ မြေပဲစိုက်ခင်းတွင် တစ်ဧကလျှင် ၆၅တင်းမှ တင်း ၇၀ ကြား ထွက်ရှိကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် လားရှိုးမြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

# နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဟန်ဂေရီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၂၀**

၂၀၀၇ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ကျရောက်သည့် ဟန်ဂေရီသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဟန်ဂေရီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကင်ဂါ ဂွန်နဲ့ဇ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေး မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အင်္ဂလိပ်စာမွမ်းမံသင်တန်း အမှတ်စဉ် (၃) ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)






# မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အင်္ဂလိပ်စာမွမ်းမံသင်တန်း အမှတ်စဉ်(၃) ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၉**

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အရာထမ်း၊ အမှုထမ်းများအား အင်္ဂလိပ်စာစွမ်းရည်မြှင့်တင်ရေးအတွက် အင်္ဂလိပ်စာ မွမ်းမံသင်တန်း အမှတ်စဉ် (၃) ဖွင့်ပွဲကို ဩဂုတ် ၁ ရက်က မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ရုံးချုပ်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးက အမှာစကားပြောကြားသည်။

အဆိုပါ ဖွင့်ပွဲ အခမ်းအနားသို့ အထွေထွေမန်နေဂျာ၊ ဌာနမှူးများ၊ သင်တန်းဆရာနှင့် သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးလ ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ရုရှား အာကာသအေဂျင်စီတွင် အာကာသဒုံးပျံယာဉ်များ တည်ဆောက်နေသည်ကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*



# အထက(၅) ဗိုလ်တထောင် အာစရိယပူဇော်မည်

**ရန်ကုန် ဩဂုတ် ၁၉**

အထက(၅) ဗိုလ်တထောင်တွင် ၁၉၉၅ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ စုပေါင်း၍ ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၂ ရက်တွင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ကိုဇော်လင်း ဖုန်း-၀၉၅၁၇၈၈၆၂၊ ကိုသန့်ဇင်ဦး ဖုန်း-၀၉၉၉၂၀၈၂၁၊ ခွန်းချိုဆွေရည် ဖုန်း-၀၉၅၁၂၄၇၁၀ နှင့် စိုးဆက်ထွန်း ဖုန်း- ၀၉၅၁၂၅၉၅၆ တို့ထံ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

### ■ အင်္ဂါဂြိုဟ်မှ

လေ့ကျင့်ပေးမည်ဖြစ်သည်။ အာကာသယာဉ်မှူးများသည် အာကာသယာဉ်နှင့် ပုံစံတူပြုလုပ်ထားသော အာကာသယာဉ်နှင့် အတူ ၁၈ လနီးပါး လေ့ကျင့်ကြမည်ဖြစ်သည်။

အင်္ဂါဂြိုဟ်သို့ စေလွှတ်မည့် အာကာသယာဉ်နှင့် ပုံစံတူ အာကာသယာဉ် တစ်စင်းကို ယခုနှစ်ကုန်ထက်နောက်မကျဘဲ အပြီးတည်ဆောက်မည် ဖြစ်ကြောင်း ဘီလာကော့ဗ်စကီးက ပြောကြားသည်။ ယင်းအာကာသယာဉ်တွင် အခန်းငါးခန်း ပါရှိမည်ဖြစ်ပြီး အကျယ်အဝန်း ကုဗမီတာ ၅၅၀ ရှိမည်ဖြစ်သည်။

အဆိုပါ အာကာသယာဉ်၏ အခန်းတစ်ခန်းမှာ အာကာသယာဉ်မှူးခြောက်ဦး နေထိုင်မည့် အခန်းဖြစ်ကြောင်း၊ တစ်ခန်းမှာမူ အာကာသယာဉ်မှူးများ မျှဝေသုံးစွဲသည့် အခန်းဖြစ်ကြောင်း၊ အခန်းတစ်ခန်းကိုမူ လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ရန် သုံးမည် ဖြစ်ကြောင်း၊ နောက်တစ်ခန်းကိုမူ ပစ္စည်းထားသိုခန်းအဖြစ် အသုံးပြုမည်ဖြစ်သည်။ ပဉ္စမမြောက်အခန်းမှာမူ အင်္ဂါဂြိုဟ်၏ မြေမျက်နှာပြင်ပုံစံတူ ပြုလုပ်ထားသည့် အခန်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**အင်တာနက်**

**ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြား ၁၀၅၁ စောင်ပေးအပ်ပွဲကို ဩဂုတ် ၁၈ရက်က လှိုင်မြို့နယ် အားကစားရုံ ခန်းမ၌ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ရန်ကုန်တိုင်းဦးစီးဌာနမှူး ဦးလှဒေါင်းက နိုင်ငံသား အရည်အချင်းပြည့်မီသူတစ်ဦးအား နိုင်ငံသား စိစစ်ရေးကတ်ပြား ပေးအပ်စဉ်။**
(လူဝင်မှုကြီးကြပ်ရေး)



# အမေရိကန်လေယာဉ်တစ်စင်း သမုဒ္ဒရာတွင်းပျက်ကျ တပ်ဖွဲ့ဝင် သုံးဦး ပျောက်ဆုံးလျက်ရှိ

**ဝါရှင်တန်   ဩဂုတ်   ၁၈**

အမေရိကန်တပ်ဖွဲ့၏ ကွပ်ကဲရေးနှင့်ထိန်းချုပ်ရေး လေယာဉ်တစ်စင်း အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ဩဂုတ် ၁၅ရက် ညက ပျက်ကျခဲ့ရာ အမေရိကန်ရေတပ်ဖွဲ့ဝင်သုံးဦး ပျောက်ဆုံးလျက်ရှိကြောင်း စီအင်အင်သတင်းတွင် ဖော်ပြသည်။ ဗာဂျီးနီးယားပြည်နယ်မြောက်ပိုင်း ကယ်ရိုလိုင်းနား ကမ်းခြေအလွန်တွင် လေ့ကျင့်ပျံသန်းနေစဉ် အဆိုပါ အီး-၂စီ ဟော့အိုင်းလေယာဉ် ပျက်ကျသွားခြင်းဖြစ်သည်။

ထိုလေယာဉ်သည် ယူအက်စ်အက်စ်ဟာရီအက်စ် ထရူးမင်း လေယာဉ်တင်သင်္ဘောပေါ်မှ ပျံတက်ပြီးနောက် ည ၁၁နာရီခန့်တွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။ လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို မသိရသေးကြောင်း ရေတပ် အရာရှိများက ပြောကြားသည်။

**ရှာဖွေ**

ယင်းလေယာဉ် ပျက်ကျသွားသည့်အတွက် ကယ်ဆယ်ရေးနှင့်ရှာဖွေရေး လုပ်ငန်းများကို လေယာဉ်တင်သင်္ဘော ထရူးမင်း၊ ယူအက်စ်အက်စ်အိုင်စင်ဟောင်ဝါသင်္ဘောနှင့် ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များက ရှာဖွေလျက်ရှိသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ ဘစ်ဘင်နာရီစင်ကြီးအား ပြင်ဆင်မွမ်းမံနေသည်ကို ဩဂုတ် ၁၇ရက်က တွေ့ရစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*

# ပင်လယ်ရပ်ခြား ရေနံရှာဖွေထုတ်လုပ်ရေးစီမံကိန်းများတွင် တောင်ကိုရီးယား ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်မည်

**ဆိုးလ်   ဩဂုတ်   ၁၈**

တောင်ကိုရီးယားနိုင်ငံသည် ပင်လယ်ရပ်ခြား ရေနံရှာဖွေထုတ်လုပ်ရေး စီမံကိန်းများတွင် တိုးမြှင့်ရင်းနှီး မြှုပ်နှံသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ဩဂုတ် ၁၇ရက်တွင် ပြောကြားသည်။တောင်ကိုရီးယားနိုင်ငံသည် ၂၀၁၆ ခုနှစ်ထက်နောက်မကျဘဲ ပင်လယ်ရပ်ခြားနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံသော ရေနံစီမံကိန်းများမှတစ်ဆင့် ရေနံနှင့် ဓာတ်ငွေ့တင်သွင်းမှုကို နှစ်စဉ် ၂၈ရာခိုင်နှုန်းအထိ တိုးမြှင့်သွားရန် ရည်မှန်းထားကြောင်း တောင်ကိုရီးယား ကူးသန်းရောင်းဝယ်ရေး၊ စက်မှုလုပ်ငန်း နှင့် စွမ်းအင်ဝန်ကြီးဌာန တာဝန်ရှိသူက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံသည် ပင်လယ်ရပ်ခြားရေနံမြေများမှ ရေနံစိမ်းတင်သွင်းမှုကို တိုးမြှင့်လျက်ရှိကြောင်း၊ လွန်ခဲ့သည့်နှစ်က ရေနံစိမ်းတင်သွင်းမှု ၄ ဒသမ ၁ ရာခိုင်နှုန်း ပိုမိုတိုးတက်လာကြောင်း တာဝန်ရှိသူကပြောကြားသည်။ တောင်ကိုရီးယားအစိုးရအဖွဲ့သည် နှစ်စဉ်ဘတ်ဂျက်အသုံးစရိတ်မှ ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံကို လာမည့် ၁၀ နှစ်တာကာလအတွင်း သတ်မှတ်သုံးစွဲသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ရေနံဝယ်လိုအားကို ပုံမှန်ဖြည့်ဆည်းပေးနိုင်ရန်ဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

***အင်တာနက်။***

# လူဆိုးဂိုဏ်းချင်းပစ်ခတ် အီတလီခြောက်ဦးသေဆုံး

**ဒူအစ်စဘတ်(ဂျာမနီ) ဩဂုတ် ၁၆**

ဂျာမနီနိုင်ငံ အနောက်မြောက်ပိုင်း ဒူအစ်စဘတ်မြို့တွင် လူဆိုးဂိုဏ်းချင်း တိုက်ခိုက်မှုကြောင့် အီတလီ နိုင်ငံသား ခြောက်ဦး သေဆုံးသွားကြောင်း သောကြာနေ့ ရိုက်တာသတင်းအရ သိရသည်။

ဒါဘရူနိုအမည်ရှိ အီတလီ စားသောက်ဆိုင်အနီးတွင် ပစ်ခတ်မှုဖြစ်ပွားခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ သေနတ်ဖြင့် ပစ်ခတ်ခံရသူများမှာ အသက် ၁၆ နှစ်မှ ၃၉ နှစ်အတွင်းရှိသူများ ဖြစ်သည်။

မူးယစ်ဆေးဝါးဂိုဏ်း နှစ်ဂိုဏ်းကရန်ငြိုးဖွဲ့ တိုက်ခိုက်ကြခြင်းဖြစ်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေသည်ဟု ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

***အမ်အင်အေ၊ ရိုက်တာ။***

# အစာအိမ်ကင်ဆာရောဂါ ဖြစ်ပွားမှု ၁၀နှစ်အတွင်း ၂၅ ရာခိုင်နှုန်း လျော့နည်းဖွယ်ရှိ

**ရော့တာဒမ်   ဩဂုတ်   ၁၈**

အနောက်နိုင်ငံများ၌ လူနေမှုပုံစံ ပြောင်းလဲလာမှုကြောင့် လာမည့်၁၀နှစ်အတွင်း အစာအိမ်ကင်ဆာရောဂါ ဖြစ်ပွားသူဦးရေ ၂၅ ရာခိုင်နှုန်း လျော့နည်းလာဖွယ်ရှိကြောင်း ဒတ်ချ် သုတေသီများက ဩဂုတ် ၁၇ ရက်တွင် ပြောကြားသည်။

အစာအိမ်ကင်ဆာရောဂါမှာ ကမ္ဘာ့တစ်ဝန်း အဖြစ်အများဆုံး ကင်ဆာရောဂါအမျိုးအစားများ စာရင်းတွင်ပါဝင်ပြီး ရောဂါဖြစ်ပွားသူမှာ ငါးနှစ်အတွင်း သေဆုံးလေ့ရှိကြောင်း နယ်သာလန်နိုင်ငံ ရော့တာဒမ်မြို့ အီရက်စ်မတ်စ် ဆေးတက္ကသိုလ်မှ သုတေသီ အန်းနက်စ် ကူးပါးစ်ကပြောကြားသည်။ သုတေသီများ၏ တွေ့ရှိချက်များကို “ဂတ်”အမည်ရှိ ဆေးပညာဂျာနယ်တွင် ဖော်ပြထားသည်။

လွန်ခဲ့သည့် ၁၅နှစ်တာကာလအတွင်း အစာအိမ်ကင်ဆာရောဂါ ရှေ့ပြေးလက္ခဏာ တွေ့ရသူဦးရေ ၂၅ ရာခိုင်နှုန်းလျော့နည်းသွားကြောင်း တွေ့ရှိရသည်ဟု ကူးပါးစ်က ပြောကြားသည်။

***အင်တာနက်။***



အမေရိကန်နိုင်ငံ တောင်ကာရိုလိုင်းနားပြည်နယ်၌ ကမ်းခြေပေါ်သို့တင်လာသည့် ဝေလငါးငယ် တစ်ကောင်ကို ဩဂုတ် ၁၇ရက်က တွေ့ရစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*

# ကမ္ဘာ့ကျန်းမာရေးစနစ် အကျပ်အတည်းဖြင့် ရင်ဆိုင်ရဖွယ်ရှိမှုဝါဒများ ပြင်ဆင်ပြောင်းလဲရန် ဒဗလျူအိပ်ချ်အို တိုက်တွန်း

**ဗျူနိုအေရီစ်   ဩဂုတ်   ၁၈**

ပြည်သူ့ကျန်းမာရေးဆိုင်ရာ မူဝါဒများနှင့် ပတ်သက်၍ ကမ္ဘာ့နိုင်ငံများအနေဖြင့် နက်နက်ရှိုင်းရှိုင်း အပြောင်းအလဲများ ဆောင်ရွက်နိုင်ခြင်းမရှိလျှင် ကမ္ဘာ့ကျန်းမာရေးစနစ်တွင် ပြဿနာအကျပ်အတည်းများဖြင့် ရင်ဆိုင်ရဖွယ်ရာရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)က ဩဂုတ် ၁၆ ရက်တွင် သတိပေးပြောကြားသည်။

မသိနားမလည်မှု၊ ဆင်းရဲမွဲတေမှု၊ ကျန်းမာရေးနှင့် မညီညွတ်သော ပတ်ဝန်းကျင်အခြေအနေ ဖြစ်ပေါ်နေမှုနှင့် လူသားအရင်းအမြစ် မလုံလောက်မှုတို့သည် ကမ္ဘာ့ကျန်းမာရေးစနစ် အကျပ်အတည်း၏ အခြေခံကျသော အခက်အခဲများ ဖြစ်သည်။ ထိုပြဿနာကို ကိုင်တွယ်ဖြေရှင်းရမည့်တာဝန်သည် နိုင်ငံအားလုံးအပေါ်၌ ကျရောက်လျက်ရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူး မာဂရက်ချန်းက အာဂျင်တီးနားနိုင်ငံ ဗျူနိုအေရီစ်မြို့တွင် ကျင်းပသည့် အစည်းအဝေး၌ ပြောကြားသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# ကျူးဘား၌ သစ်ပင် ၁၃၅သန်း စိုက်ပျိုးမည် ဒေသရေမြေနှင့်ကိုက်ညီသည့် သစ်ပင်များစိုက်ပျိုးရန် တိုက်တွန်း

**ဟာဗားနား ဩဂုတ် ၁၈**

ကျူးဘားနိုင်ငံသည် ယခုနှစ်တွင် သစ်ပင် ၁၃၅သန်း စိုက်ပျိုးရန် စီစဉ်ထားကြောင်း၊ ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင် အစီအစဉ် (ယူအင်န်အီးပီ)၏ စိမ်းလန်းစိုပြည်ရေးအစီအစဉ်အရ သစ်ပင်စိုက်ပျိုးရေး လုပ်ငန်းကို တိုးမြှင့်ဆောင်ရွက်မည် ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ဩဂုတ် ၁၇ ရက်တွင် ပြောကြားသည်။

ယူအင်န်အီးပီသည် ကမ္ဘာတစ်ဝန်းတွင် သစ်ပင်စိုက်ပျိုးရေးလုပ်ငန်းများ တိုးမြှင့်ဖော်ဆောင်ရန် တိုက်တွန်းလှုံ့ဆော်လျက်ရှိသည်။ မိမိတို့နိုင်ငံ၏ ဒေသ ရေမြေသဘာဝနှင့် ကိုက်ညီမှုရှိသော သစ်ပင်များကို စိုက်ပျိုးရမည်ဖြစ်သည်။

ကျူးဘားနိုင်ငံတွင် မြေနေရာ ဟက်တာ ၂ဒသမ ၇သန်းကို သစ်တောမြေအဖြစ်သို့ ပြောင်းလဲနိုင်ခဲ့ပြီဖြစ်ကြောင်း ကျူးဘားသစ်တောရေးရာဌာန အကြီးအကဲ အီးလိယက်စ်လန်ဒါက ပြောကြားသည်။ ကျူးဘားနိုင်ငံတွင် သစ်တောများစီမံခန့်ခွဲခြင်း၊ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းခြင်း၊ သစ်တောသစ်ပင်ထိန်းသိမ်းခြင်းဆိုင်ရာ ပညာပေးခြင်းနှင့် လေ့ကျင့်သင်တန်းပေးခြင်း အစီအစဉ်များကို အကောင်အထည်ဖော်နိုင်ရန် သစ်တောရေးရာဌာနအား ရန်ပုံငွေများ ခွဲဝေချထားပေးသည်။

***အင်တာနက်။***

# ရေနံပိုက်လိုင်း တည်ဆောက်ရန် အီရတ်နှင့်အီရန် လက်မှတ်ရေးထိုး

**တီဟီရန်   ဩဂုတ်   ၁၈**

အီရတ်နှင့် အီရန်နိုင်ငံတို့သည် ရေနံပိုက်လိုင်းတည်ဆောက်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း ဩဂုတ် ၁၇ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။ ယင်းသဘောတူညီချက်အရ အီရတ်ရေနံမြေများမှ ထွက်ရှိသော ရေနံကို အီရန်နိုင်ငံသို့ တင်ပို့ကာ ချက်လုပ်နိုင်မည်ဖြစ်သည်။ အီရတ်ရေနံလုပ်ငန်းဝန်ကြီး ရှာရီစတန်နီသည် မကြာသေးမီက အီရန်နိုင်ငံသို့ သွားရောက်ခဲ့ပြီး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။

***အင်တာနက်။***



ဂျာမနီနိုင်ငံ ဘာလင်တိရစ္ဆာန်ဉယျာဉ်၌ တိရစ္ဆာန်ထိန်းသူ ဝန်ထမ်းတစ်ဦးက ရေမြင်းအား အစာကျွေးနေသည်ကို ဩဂုတ် ၁၇ရက်က တွေ့ရစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*

# တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်ဖွင့်ပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၉

**စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် အမှတ်(၀၂၈)သုဝဏ္ဏ ဆိုင်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း သုဝဏ္ဏမြို့ ပေါ်ဆန်းမွှေးလမ်းပေါ်ရှိ အဆိုပါဆိုင်ရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အထွေထွေမန်နေဂျာ ဦးကျော်စိန်က မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက အရောင်းဆိုင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး သဘာဝဓာတ်ငွေ့ ဖြည့်တင်းလျက်ရှိသော မော်တော်ယာဉ် ယာဉ်မောင်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကား ပြောကြားသည်။

စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် ရန်ကုန်မြို့ နယ်နိမိတ်အတွင်း CNG ဆိုင်အသစ်များ ဖွင့်လှစ်ပေးလျက်ရှိရာ ယခုဆိုင်အပါအဝင် ဆိုင်ပေါင်း ၃၀ ရှိသွားပြီဖြစ်သည်။ ယခုကဲ့သို့ ခေတ်မီ စက်ကိရိယာများကို တပ်ဆင်အသုံးပြုထားသော CNG အရောင်းဆိုင်များကို ဆက်တိုက် ဖွင့်လှစ်ပေးသည့်အတွက် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအနေဖြင့် သဘာဝဓာတ်ငွေ့ ဖြည့်တင်းရာတွင် ပိုမိုလျင်မြန်လွယ်ကူ အဆင်ပြေကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## ဖဲကြိုးဖြတ်၍ ဖွင့်လှစ်

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် အမှတ်(၀၂၈) သုဝဏ္ဏအရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။**

(စွမ်းအင်)

# ဟိုတယ်စီမံခန့်ခွဲမှု ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၉**

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသော အသင်းဝင် ဟိုတယ်များ ဝန်ဆောင်မှု အလေးထား ဂရုစိုက်မှုများ မြှင့်တင်ရန်အတွက် ဟိုတယ်လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှု ဖွံ့ဖြိုးတိုးတက်ရေး (Middle Management Development Program) သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ Central Hotel ၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဒေါက်တာခင်ရွှေတို့က သင်တန်းဆင်း အမှာစကား ပြောကြားကြသည်။

### ပေးအပ်ချီးမြှင့်

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် ဒေါက်တာခင်ရွှေတို့က ထူးချွန်ဆုရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ဟိုတယ်လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှု ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းဆင်းပွဲတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ ထူးချွန်ဆုရ သင်တန်းသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

# ဘင်္ဂလားဒေ့ရှ်တွင် ရေလွှမ်းမိုးမှု ဩဂုတ် ၁၇ ရက်အထိ သေဆုံးသူ ၅၃၆ ဦးရှိ

**ဒါကာ ဩဂုတ် ၁၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရေလွှမ်းမိုးခြင်းနှင့် သက်ဆိုင်နေသော ရေနစ်ခြင်း၊ ကူးစက်ရောဂါဖြစ်ပွားခြင်းနှင့် မြွေကိုက်ခြင်းတို့ကြောင့် ဩဂုတ် ၁၇ ရက်အထိ သေဆုံးသူ ၅၃၆ ဦးအထိရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနကထုတ်ပြန်သော သတင်းကြေညာချက်၌ ဖော်ပြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ၆၄ ခရိုင်အနက် ၃၉ ခရိုင်တွင် နေထိုင်သော ပြည်သူ ၁၀ ဒသမ ၅ သန်းမှာ ဇူလိုင် ၃၀ ရက်၌ စတင်သည့် မုတ်သုံရာသီ ရေလွှမ်းမိုးမှုဒဏ်ကို ခံစားကြရကြောင်း အဆိုပါ သတင်းကြေညာချက်တွင် ဖော်ပြသည်။

ရေလွှမ်းမိုးမှုနှင့် သက်ဆိုင်နေသော သေဆုံးမှုများအနက် ၄၇၅ဦးမှာ ရေနစ်ခြင်းကြောင့်လည်းကောင်း၊ ၃၄ ဦးမှာ မြွေကိုက်ခံရခြင်းကြောင့်လည်းကောင်း၊ ၁၅ဦးမှာ ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် လည်းကောင်း၊ ၁၂ဦးမှာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဝေဒနာ ခံစားရခြင်းကြောင့် လည်းကောင်း သေဆုံးရကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# တက္ကဆက်ပြည်နယ်၌ အပူပိုင်းမုန်တိုင်းတိုက်ခတ်

**ဝါရှင်တန် ဩဂုတ် ၁၈**

အမေရိကန်နိုင်ငံ တောင်ပိုင်း တက္ကဆက်ပြည်နယ်တွင် အီရင်းဟု အမည်ပေးထားသော အပူပိုင်း မုန်တိုင်း တိုက်ခတ်မှုနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းခဲ့ကြောင်း၊ မိုးရေချိန် (၁၅ စင်တီမီတာ) ထက် မနည်းရှိပြီး ရှစ်ဦး သေဆုံးကြောင်း ကေဘီ အာရ်စီ ရုပ်မြင်သံကြားဌာနက သောကြာနေ့တွင် သတင်းထုတ်ပြန်သည်။

အီရင်း မုန်တိုင်းကြောင့် ဆန်အင်တိုနီအိုမြို့၌ လေးဦးသေဆုံးကြောင်း၊ ဟူစတန်မြို့တွင် တစ်ဦးသေဆုံးကြောင်း သတင်းတွင် ဖော်ပြသည်။ အီရင်းမုန်တိုင်းကြောင့် ကမ်ဖဲလ်ခရိုင်တွင် ယာဉ်တိုက်မှုများဖြစ်ပွားရာ သုံးဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## ကြေးမုံ The Mirror ကမ္ဘာ့ရာသီဥတုသတင်း



### ရေနစ်မြုပ်

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ ဆင်ခြေဖုံး ကမ်ရန် ဂီချားမြို့တွင် ရေလွှမ်းမိုးမှုကြောင့် နေအိမ်များ ရေနစ်မြုပ်နေသည်ကို ဩဂုတ် ၁၈ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ–အင်တာနက်)*

# အမေရိကန်၌ အပူလှိုင်းကျရောက်၍ ၄၁ ဦးသေဆုံး

**ဝါရှင်တန် ဩဂုတ် ၁၈**

အမေရိကန်နိုင်ငံတောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းဒေသများတွင် ၁၀ရက်ဆက်တိုက် အပူချိန်မြင့်တက်ကာ အပူလှိုင်းကျရောက်မှုကြောင့် ၄၁ ဦးသေဆုံးကြောင်း အင်န်ဘီစီ ရုပ်မြင်သံကြားသတင်းဌာနက သောကြာနေ့တွင် သတင်းဖော်ပြသည်။

တင်နက်ဆီပြည်နယ် မန်းဖစ်မြို့တွင် အပူချိန်ပြင်းထန်မှုကြောင့် ကိုးဦးသေဆုံးသည်။ အယ်လ်ဘားမားပြည်နယ်တွင် တင်နက်ဆီမြစ်ရေကို အသုံးပြုသည့် နျူကလီးယားဓာတ်အားပေးစက်ရုံတစ်ရုံကို ပိတ်ထားရသည်။

ဂျော်ဂျီယာပြည်နယ်တွင်လည်း အပူဒဏ်ပြင်းထန်မှုကြောင့် လေးဦးထက်မနည်း သေဆုံးရသည်။ အပူလှိုင်းကျချိန်အတွင်း ဘတ်စ်ကားအတွင်း အပူချိန် ၅၀ ဒီဂရီဆဲလ်စီးယပ်(ဖာရင်ဟိုက်)အထိ မြင့်တက်ခဲ့ကြောင်း ယာဉ်မောင်းတစ်ဦးက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# နီပေါအနောက်ပိုင်း မိုးသည်းထန်၊ ခုနစ်ဦးသေဆုံး

**ခတ္တမန္ဒူ ဩဂုတ် ၁၉**

နီပေါနိုင်ငံအနောက်ပိုင်း ဘီတာဒီခရိုင်တွင် လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ ခုနစ်ဦးသေဆုံးကြောင်း နိုင်ငံပိုင် အာရ်အက်စ်အက်စ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

ခရိုင် သဘာဝဘေးအန္တရာယ် အကူအညီပေးရေးကော်မတီနှင့် နီပေါကြက်ခြေနီအဖွဲ့တို့က ရေဘေးဒုက္ခသည်များထံ ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့ရန်ကြိုးပမ်းခဲ့သော်လည်း ရာသီဥတုဆိုးရွားမှုကြောင့် နှောင့်နှေးကြန့်ကြာမှုဖြစ်ရသည်။

ဘီတာဒီခရိုင်တွင် မြေပြိုမှုများကြောင့် မိသားစု ၂၅၀ခန့်မှာ အိုးမဲ့အိမ်မဲ့ဖြစ်ကြရပြီး နေအိမ် ၂၁၃ လုံး ပျက်စီးခဲ့ကြောင်း ခရိုင်ရဲတပ်ဖွဲ့က ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ကာရစ်ဘီယံဒေသ၌ ဟာရီကိန်းမုန်တိုင်းတိုက်၊ ငှက်ပျောခင်းများပျက်စီး

**မိုင်ယာမီ ဩဂုတ် ၁၈**

ဒင်းန်ဟု အမည်ပေးထားသော ဟာရီကိန်းမုန်တိုင်းသည် ကာရစ်ဘီယံ ပင်လယ်ကျွန်းများကို ဖြတ်သန်းသွားခဲ့ရာ ငှက်ပျောစိုက်ခင်းများ ပျက်စီးခဲ့ရပြီးမြေပြိုမှုများ ဖြစ်ပွားခဲ့ကြောင်း၊ ယင်းမုန်တိုင်းသည် ဆက်ဖီဆင်ဆန် စကေးအရ အဆင့် ၄ အထိ အင်အားပြင်းထန်လာခဲ့ပြီး မက္ကဆီကိုပင်လယ်ကွေ့ရှိ ကမ်းလွန်ရေနံ ထုတ်လုပ်ရာနေရာဘက်သို့ ဦးတည်ရွေ့လျားနေကြောင်း စနေနေ့ ရိုက်တာသတင်းတွင်ဖော်ပြသည်။ အဆိုပါ ဟာရီကိန်းမုန်တိုင်းကြောင့် တစ်နာရီလျှင် ၁၃၅မိုင်နှုန်း လေပြင်းတိုက်ခတ်ခဲ့၍ မုန်တိုင်းအင်အား ပိုမိုပြင်းထန်လာခြင်းကြောင့် ပျက်စီးမှုကြီးမားနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဂျမေကာကျွန်းနိုင်ငံတွင် ဟာရီကိန်းမုန်တိုင်းဒဏ်ကြောင့် စိုက်ခင်းများ ပျက်စီးခဲ့ရသည်။

***အမ်အင်အေ၊ရိုက်တာ***



### ငှက်ပျောစိုက်ခင်းပျက်စီး

**ဟာရီကိန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ကာရစ်ဘီယံ ပင်လယ်ရှိ မာတင်နစ် ကျွန်းတွင် ငှက်ပျောစိုက်ခင်းများ ပျက်စီးနေသည်ကို ဩဂုတ် ၁၈ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ–အင်တာနက်)*

# တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဧရာဝတီတိုင်းမှ ဆန်ကုန်သည်ကြီးများနှင့် ဆန်စက်လုပ်ငန်းရှင်များအား တွေ့ဆုံ

**ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ဧရာဝတီတိုင်း မအူပင်၊ ဟင်္သာတ၊ ပုသိမ်၊ မြောင်းမြနှင့် ဖျာပုံခရိုင်တို့အတွင်းရှိ မြို့နယ်များမှ ဆန်စက်ပိုင်ရှင်များအသင်း၊ ဆန်ကုန်သည်များအသင်းတို့မှ ဆန်ကုန်သည်ကြီးများ၊ ဆန်စက်လုပ်ငန်းပိုင်ရှင်များအား အမှာစကား ပြောကြားစဉ်။**

(လယ်/ဆည်)

နေပြည်တော် ဩဂုတ် ၁၉

**ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၈ ရက် နံနက် ၁၀ နာရီခွဲတွင် ဧရာဝတီတိုင်း ပုသိမ်မြို့ရှိ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဧရာဝတီတိုင်း မအူပင်၊ ဟင်္သာတ၊ ပုသိမ်၊ မြောင်းမြနှင့် ဖျာပုံခရိုင်တို့အတွင်းရှိ မြို့နယ်များမှ ဆန်စက်ပိုင်ရှင်များအသင်း၊ ဆန်ကုန်သည်များအသင်းတို့မှ ဆန်ကုန်သည်ကြီးများ၊ ဆန်စက်လုပ်ငန်းပိုင်ရှင်များအား တွေ့ဆုံသည်။**

ယင်းသို့ တွေ့ဆုံရာ၌ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သူရ မြင့်အောင်က အမှာစကားပြောကြားရာတွင် နိုင်ငံ၏ စီးပွားရေးသည် စိုက်ပျိုးရေးကို အခြေခံလျက်ရှိကြောင်း၊ ဧရာဝတီတိုင်းသည် နိုင်ငံ၏စိုက်ပျိုးရေးတွင် အဓိကအားထားရသည့် တိုင်းတစ်တိုင်းဖြစ်ကြောင်း၊ နိုင်ငံတော်မှ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများနှင့် လယ်ယာထွက်ကုန် ရောင်းဝယ်သူ များကိုလည်း စီးပွားကုန်သွယ်မှုတိုးမြင့်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထုတ်လုပ်သည့် လယ်ယာထွက်ကုန် သီးနှံများ အရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကား ပြောကြားရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားလာအောင် ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ နိုင်ငံနှင့် နိုင်ငံသားများအတွက် စားနပ်ရိက္ခာဖူလုံပိုလျှံအောင် သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက် မြင့်မားရေး ဆောင်ရွက်နေကြောင်း၊ ပြည်တွင်းဖူလုံစွာစားသုံးပြီးမှ ပိုလျှံသည့် ရိက္ခာများကိုပြည်ပသို့ တင်ပို့ရောင်းချ၍ နိုင်ငံနှင့် နိုင်ငံသားများ၏ စီးပွားရေးတိုးတက်အောင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ဈေးကွက်ဝင်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ကြရမည့်အပြင် မိမိတို့ ထုတ်လုပ်ရောင်းချသော သီးနှံများ၏အရည်အသွေးနှင့် စံချိန်စံညွှန်းများ ပိုမိုကောင်းမွန်အောင် အလေးထား ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်း ဆန်ကုန်သည်များအသင်းဥက္ကဋ္ဌ ဦးထွန်းဝေ၊ ဧရာဝတီတိုင်း ဆန်စက်ပိုင်ရှင်များ အသင်းဥက္ကဋ္ဌ ဦးမျိုးဝေ၊ ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြ၊ မအူပင်နှင့် ဖျာပုံခရိုင်တို့မှ ကိုယ်စားလှယ်များက ဆန်စပါးဈေးကွက် အခြေအနေနှင့် အရည်အသွေးကောင်းဆန်စပါးများ ရောင်းဝယ်ကြိတ်ခွဲ ထုတ်လုပ်ရေးကိစ္စများကို ဆွေးနွေးတင်ပြကြသည်။

### ပြောကြား

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေး၊ အရည်အသွေးကောင်း ဆန်စပါး ရရှိရေးအတွက် ဖြည့်ဆည်းပေးမည့် အစီအစဉ်များကို ပြောကြားကြကြောင်း သိရှိရသည်။ (သတင်းစဉ်)





# အမျိုးသားညီလာခံကိုယ်စားလှယ်များ ဗိုလ်တထောင်စေတီတော်နှင့် ရွှေတိဂုံစေတီတော်ဖူးမြော် ခရစ်ယာန်ဘာသာဝင်များ ဘုရားရှိခိုးကျောင်းသို့ သွားရောက် ဝတ်ပြုဆုတောင်း

ရန်ကုန် ဩဂုတ် ၁၉

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံသို့ တက်ရောက်နေကြသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီမှ တာဝန်ရှိသူများ လိုက်ပါလျက် အမျိုးသားညီလာခံ နားရက်ဖြစ်သည့် ယမန်နေ့(စနေနေ့)နံနက်တွင် ရန်ကုန်မြို့ရှိ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်သို့ သွားရောက်ဖူးမြော်ကြသည်။**

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် မြနန်းစံကျော် ရွှေနန်းတော် နန်းဦးဘုရားကြီး တန်ဆောင်း၌ ကိန်းဝပ်စံပယ်တော်မူသည့် နန်းဦးဘုရားကြီးအား ဖူးမြော်ကြည်ညိုကြပြီး နန်းဦးဘုရားကြီးတန်ဆောင်း၌ စေတီတော် တာဝန်ခံ အလှည့်ကျဂေါပက အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြပြီး စေတီတော်မြတ်၏ သမိုင်းအကျဉ်းတို့ကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် အမျိုးသား ညီလာခံ ကိုယ်စားလှယ်များက စေတီတော် အတွက် အလှူငွေများ လှူဒါန်းကြသည်။

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် စေတီတော်မြတ်အား လက်ယာရစ် တစ်ပတ်လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

### ကုသိုလ်ကောင်းမှုပြုလုပ်

ထို့အတူ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ယနေ့ (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး ရှေးဦးစွာ စေတီတော်အထက်ပစ္စယာ၌ ကိန်းဝပ်စံပယ်တော်မူသည့် ပတ္တမြားမျက်ရှင် ရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြပြီး စေတီတော်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များ ဆက်ကပ်လှူဒါန်းပူဇော်ခြင်း၊ ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များအား ရေသပ္ပာယ်ခြင်း၊စေတီတော်အတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းခြင်း စသည့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြသည်။

အလားတူ ခရစ်ယာန်ဘာသာဝင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၁၀)ရပ်ကွက် ပါရမီလမ်းရှိ ရန်ကုန် ခရစ်ယာန်ဘုရားရှိခိုးကျောင်းသို့ သွားရောက်ဝတ်ပြုဆုတောင်းကြသည်။

(သတင်းစဉ်)

**ခရစ်ယာန်ဘာသာဝင်အမျိုးသားညီလာခံ ကိုယ်စားလှယ်များ မရမ်းကုန်းမြို့နယ် (၁၀)ရပ်ကွက်ရှိ ရန်ကုန် ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွင် ဝတ်ပြုဆုတောင်းစဉ်။** (သတင်းစဉ်)



**ရန်ကုန်အရှေ့ပိုင်းခရိုင် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခမ်းအနားကို ဩဂုတ် ၁၇ ရက်က သင်္ဃန်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမဆောင်တွင် ကျင်းပရာ အသက်(၁၅–၂၀) ဝါသနာရှင်အက အမျိုးသမီး ပြိုင်ပွဲတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မှ မကြည်နူးပွင့် ယှဉ်ပြိုင်စဉ်။**

(က–ပ)




## မြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၂၀–၈–၂၀၀၇ (တနင်္လာနေ့)

#### နံနက်ပိုင်း

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| ၈း၁၆ | ၁၂။ | ပြီးပါပြီ။ |

#### ညပိုင်း

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၅ | ၃။ | အမျိုးသားရေးတေးကဗျာ |
| ၄း၂၅ | ၄။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၅၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၅း၁၀ | ၆။ | ကြည်နူးရွှင်ပျော်တေးသရုပ်ဖော် |
| ၅း၃၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆း၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၉။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၆း၃၅ | ၁၁။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၇း၀၀ | ၁၂။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – ပဲပေါင်မုန့် (အပိုင်း–၂၃)** |
| ၈း၀၀ | ၁၃။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၄။ | မိုးလေဝသသတင်း |
| | ၁၅။ | အမျိုးသားရေးတေးကဗျာ |
| | ၁၆။ | မေးမြန်းစူးစမ်း |
| | ၁၇။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၁၈။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – သေကံမရောက် (အပိုင်း–၁၇)** |
| | ၁၉။ | သင့်အတွက်မနက်ဖြန် |
| | ၂၀။ | အပိတ်နှုတ်ဆက်စကား |
| | ၂၁။ | ပြီးပါပြီ။ |

## မှတ်သားဖွယ်ရာမိုးရေချိန်များ

### (၁၉–၈–၂၀၀၇)

| | | | | |
|---|---|---|---|---|
| ဝ | ၂ | ဒသမ | ၉၉ | လက်မ |
| မောင်တော | ၂ | ဒသမ | ၄၈ | လက်မ |
| သံတွဲ | ၁ | ဒသမ | ၇၄ | လက်မ |
| ကျောက်ဖြူ | ၁ | ဒသမ | ၅၇ | လက်မ |
| ဖလမ်း | ၀ | ဒသမ | ၉၈ | လက်မ |
| ဖျာပုံ | ၀ | ဒသမ | ၉၀ | လက်မ |
| မကွေး | ၀ | ဒသမ | ၅၅ | လက်မ |

# မိုင်းလားမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၉

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန မိုင်းလားမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း သင်တန်းအမှတ်စဉ်(၂)သင်တန်းဆင်းပွဲကို ဩဂုတ် ၁၇ရက် နံနက် ၁၀နာရီတွင် အဆိုပါသင်တန်းကျောင်းခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။**

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများ၊ ဒေသခံ တိုင်းရင်း သားများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများတက်ရောက်ကြသည်။

**ပေးအပ်**

ထို့နောက် ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းက အခြေခံ အဆောက်အအုံ သင်တန်းထူးချွန်ဆုရ မောင်အားလိဖြိုး၊ စက်ပြင်သင်တန်းထူးချွန်ဆုရ မောင်စိုင်းခမ်းလုံနှင့် လျှပ်စစ်ဂဟေ သင်တန်းထူးချွန်ဆုရ မောင်စိုင်းယီသန်းတို့အား ထူးချွန်ဆု ချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသား ခေါင်းဆောင်ထံ ပေးအပ်သည်။ ယင်းနောက် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် သင်တန်းအလုပ်ရုံ ခန်းမအတွင်း သင်တန်းသားများ လက်တွေ့လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးကြပြီး သင်တန်းသား အိပ်ဆောင်နှင့် ဆောက်လုပ်ဆဲ သင်တန်းသား စားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းကို နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာရပ်များ တတ်မြောက်၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်နိုင်ခြင်းဖြင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ နယ်စပ်ဒေသများတွင် မြို့ပြစီမံကိန်းများနှင့် စက်မှုလုပ်ငန်းများ ထူထောင်ရာတွင် ကျွမ်းကျင်လုပ်သားများပေါ်ထွက်လာစေရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ပေးခြင်းဖြစ်သည်။ သင်တန်းအမှတ်စဉ်(၂)တွင် အခြေခံ အဆောက်အအုံသင်တန်းသို့ သင်တန်းသား ၁၀ဦး၊ စက်ပြင်သင်တန်းသို့ သင်တန်းသား ခုနစ်ဦး၊ လျှပ်စစ်ဂဟေ သင်တန်းသို့ သင်တန်းသား ၁၀ဦး စုစုပေါင်း သင်တန်းသား ၂၇ဦး တက်ရောက်ခဲ့ကြသည်။ သင်တန်းကာလမှာ ရက်သတ္တ ၂၄ပတ် ကြာမြင့်ခဲ့ပြီး သင်တန်းကာလအတွင်း သင်တန်းသားများ နေထိုင် စားသောက်ရေးနှင့် လက်တွေ့သင်တန်းသုံးပစ္စည်းများအားလုံး အခမဲ့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် မိုင်းလားမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း သင်တန်းသားအိပ်ဆောင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် နေပြည်တော်ပျဉ်းမနားရှိ သစ်အခြေခံသင်တန်းကျောင်းနှင့် ပင်မအလုပ်ရုံကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၉

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဩဂုတ် ၁၈ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ လိုက်ပါလျက် နေပြည်တော်ရှိ အမှတ်(၃၄)သစ်စက် (ပြုတွင်း)သို့ ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူး ဦးသန်းစိုးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်ပုံအဆင့်ဆင့်၊ ခွဲစိတ်ပြီး သစ်ခွဲသားများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။**

ဆက်လက်၍ ဝန်ကြီးနှင့်တာဝန်ရှိသူများသည် နေပြည်တော် ပျဉ်းမနားရှိ အမှတ်(၂) လေ့ကျင့်ရေး သင်တန်းကျောင်းသို့ရောက်ရှိရာ ကျောင်းအုပ်ကြီး ဦးကျော်ဇင်နှင့် မြန်မာ့သစ်လုပ်ငန်း စီမံကိန်းနှင့် စာရင်းအင်းဌာန ဒုတိယ အထွေထွေမန်နေဂျာ ဦးခင်ဇော်တို့က သင်တန်းကျောင်း သင်ကြားရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ယာဉ်မောင်း စက်ပြင်အဆင့်(၄) မွမ်းမံသင်တန်းနှင့် သစ်တိုက်ယာဉ်ကြီးမောင်း မွမ်းမံ သင်တန်း ပို့ချနေမှုများကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းသားများအား အားပေးစကားပြောကြားကာအိပ်ဆောင်များ၊ ယာဉ်သိုလှောင်ရုံများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ပျဉ်းမနားရှိ ပင်မ အလုပ်ရုံသို့ ရောက်ရှိရာ ရှင်းလင်း ဆောင်၌ မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန အထွေထွေမန်နေဂျာ ဦးအောင်ဆန်းနှင့် အလုပ်ရုံ လက်ထောက် အထွေထွေ မန်နေဂျာ ဦးမြင့်ဆွေတို့က လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက မြိုးခြံ ချွေတာရေး၊ ယာဉ်ပြင်များ အရည်အချင်းမြင့်မားပြီး ခါးဆက်မပြတ်ရေး မှာကြားပြီး အလုပ်ရုံအတွင်းလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် ပစ္စည်း သိုလှောင်ရုံများကို ကြည့်ရှုစစ်ဆေး ခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် နေပြည်တော် ပျဉ်းမနားရှိ အမှတ်(၂) လေ့ကျင့်ရေးသင်တန်းကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။**

(သစ်တော)



# iPSTAR ပြုပြင်ရေးစင်တာ ဖွင့်လှစ်

**ရန်ကုန် ဩဂုတ် ၁၉**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Shin Satellite Public Co.,Ltd. ၏ တရားဝင်အသိအမှတ်ပြု iPSTAR ပြုပြင်ရေးစင်တာဖွင့်ပွဲကို IT Connector Group က ဩဂုတ် ၁၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကွန်ပျူတာလုပ်ငန်းရှင်များ၊ iPSTAR အသုံးပြုသူများ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် Shin Satellite Public Co.,Ltd. မှ Regional Manager Mr. Chalermkiet Limrattanakul တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ Shin Satellite Public Co.,Ltd. ၏ အသိအမှတ်ပြု iPSTAR Authorized Service Center ဖွင့်လှစ်ခွင့်ရရှိသည့် IT Connector Group မှ CEO ဦးခိုင်ဝင်းကနှုတ်ခွန်းဆက်စကားပြောကြားပြီး Service Center နှင့်သက်ဆိုင်သော အချက်အလက်များနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက်တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ iPSTAR ပြုပြင်ရေးစင်တာနှင့် စပ်လျဉ်း၍ သိရှိလိုပါက IT Connector Group အမှတ် ၂၆၁၊ အနော်ရထာလမ်းနှင့် ၈လမ်းထောင့် လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၂၂၆၀၈၊ ၀၉-၉၉၂၀၇၄၇၊ ၀၉-၅၀ ၂၇၉၈၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**iPSTAR ပြုပြင်ရေးစင်တာဖွင့်ပွဲတွင် IT Connector Group မှ CEO ဦးခိုင်ဝင်း နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။** (သတင်းစဉ်)




# ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃) အမှတ်(၃၂) ဖြန့်ချိ

**ရန်ကုန် ဩဂုတ် ၁၉**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၃၂)တွင် သတ်မှတ်မိုင်နှုန်းအတွင်းပျက်ပါက အစီးလိုက်လဲပေးမည့် ပြည်တွင်းထုတ်ကား ဈေးကွက်ဖြန့်တော့မည်၊ မြန်မာလူမျိုးတို့၏သက်တမ်း ပျမ်းမျှအားဖြင့် လျော့ကျခြင်းမရှိသော်လည်း သက်တမ်းပြည့် နေထိုင်နိုင်ရေး ရောဂါများကို ဂရုပြုရန်လို၊ MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ အင်တာနက်ပေါ်မှ ကြည့်ရှုနိုင်ရန်စီစဉ်နေ၊ မြန်မာနိုင်ငံထွက် အမျိုးသားဝတ်လုံချည် သီရိလင်္ကာသို့ တင်သွင်းရန်ကမ်းလှမ်း၊ မြန်မာနိုင်ငံသားများဘဏ် အစုရှယ်ယာ ကျပ်သန်းငါးရာ တိုးမြှင့်ရောင်းချမည်၊ "ပထမအရွယ်မှာ တရားဘာဝနာ" လူငယ်များ ဘာသာတရားနှင့်ပတ်သက်၍ လေ့လာအားထုတ်လာမှုအကြောင်း သတင်းဆောင်းပါး စသည့် ပြည်တွင်းရေးရာ သတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

"မန်ယူပရိသတ်ရင်မှာ အပူမီးတွေကိန်းဝပ်ခဲ့တဲ့ ပရီမီယာပြေးလမ်းအစ" အားကစားဆောင်းပါးနှင့်အတူ ဂျပန်နိုင်ငံ ဆံဖြူသွားကျိုးဘိုးဘွားများ ခေတ်သစ်နည်းပညာနယ်သို့ ဝင်ကြပြီ၊ သူ့ထက်သူလူမြင့် ယူကရိန်းနိုင်ငံသားဖြစ်လာ၊ မေတ္တာရေးမှာလည်း ခန္ဓာအဆီဓာတ်ပါနေ၊ ဟယ်ရီပေါ်တာစာအုပ် တရားမဝင်ဘာသာပြန်သူ ပြင်သစ်ဆယ်ကျော်သက် အရေးယူခံရ၊ အာရှ၏ ချို့တဲ့မှုကို နည်းသစ်များဖြင့် ချဉ်းကပ်ရန် နိုင်ငံတကာ ဆွေးနွေးပွဲရင်ပြင်ကတိုက်တွန်း၊ အလွန်အကျွံရေကြီးမှုကြောင့် နှစ်စဉ် လူသန်းငါးရာ ဒုက္ခရောက်နေ၊ အကြိမ်(၄၀)မြောက် နှစ်ပတ်လည် ရတုသည် အာဆီယံ၏သမိုင်း၌ မှတ်တိုင်ကြီး တစ်ခုဖြစ်စသည့် နိုင်ငံတကာရေးရာ သတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖြေဖျော်ရေးနှင့် အားကစားကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)



**မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ လူမှုဝန်ထမ်း ဦးစီးဌာနနှင့် ဝေါလ်ဗီးရှင်း (မြန်မာ)တို့ ပူးပေါင်းဆောင်ရွက်သည့် အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်ခြင်း လုပ်ငန်းစီမံချက်သင်တန်း ဖွင့်ပွဲကို ဩဂုတ် ၁၃ရက်က ဒေါပုံမြို့နယ် ကျန်းမာရေး ဦးစီးဌာန သင်တန်းခန်းမတွင် ကျင်းပရာ လူမှုဝန်ထမ်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင် အမှာစကား ပြောကြားစဉ်။**

(ပြန်/ဆက်)





ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ညောင်တုန်းမြို့နယ် ဗိုလ်မြတ်ထွန်းတံတား ရေတိုက်စားမှုကာကွယ်ရေး၊ ကမ်းထိန်းလုပ်ငန်းနှင့် ရေကြောင်းထိန်းသိမ်းရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

# ဗိုလ်မြတ်ထွန်းတံတား ထိန်းသိမ်းရေးလုပ်ငန်း ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၁၉**

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဗိုလ်မြတ်ထွန်းတံတားသို့ ရောက်ရှိကြပြီး ဗိုလ်မြတ်ထွန်းတံတား(ညောင်တုန်း) တစ်ဖက်ကမ်းတွင် သောင်များဖြစ်ထွန်းနေမှုနှင့် မြစ်ရေလမ်းကြောင်းအခြေအနေ၊ ကမ်းထိန်းလုပ်ငန်းနှင့် ရေလမ်းကြောင်းပြောင်းလဲမှု၊ ဗိုလ်မြတ်ထွန်းတံတား (ကြိမ်ပင်ဆည်ဘက်ကမ်း)ရှိ ကမ်းထိန်းလုပ်ငန်းနှင့် ရေလမ်းကြောင်းပြောင်းလဲမှု၊ ကြိမ်ပင်ဆည်ဘက်ကမ်း အောင်းရေကျန်ရှိနေမှု အခြေအနေနှင့် တံတားအောက်ဘက်ရှိ ကျောက်စီနံရံလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ တာဝန်ရှိသူတို့က ကြိမ်ပင်ဆည်ဘက်ကမ်း ကမ်းထိန်းလုပ်ငန်းနှင့် ရေလမ်းကြောင်းပြောင်းလဲမှု လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ နောင်ရေရှည် ဆောင်ရွက်ရန်လိုအပ်မည့် လုပ်ငန်းအစီအမံများ၊ တံတားအောက်မှ ဖြတ်သန်းမောင်းနှင်ကြသည့် ရေယာဉ်များ၏ အစုန်လမ်းကြောင်းနှင့် အဆန်လမ်းကြောင်း ပြောင်းလဲသတ်မှတ်ထားရှိမှု အခြေအနေနှင့် ဘဏ္ဍာငွေသုံးစွဲမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့် ပတ်သက်၍ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် အနောက်ဘက်ခြမ်း တံတားရေလမ်းကြောင်း ပြောင်းလဲနေမှုအခြေအနေ၊ အစုန်-အဆန် ရေလယ်တိုင်နှင့် ရေလမ်းကြောင်းများ သတ်မှတ်ဝင်ပေါက်၊ ထွက်ပေါက် ရေလမ်းညွှန်အမှတ်အသား ပြသထားရှိမှု၊ ဧရာဝတီမြစ်ရေစီးဆင်းမှု၊ ရေစီးကြောင်းအခြေအနေတို့ကို ရေယာဉ်ဖြင့်ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင်ဗိုလ်မြတ်ထွန်းတံတားမှ ပြန်လည်ထွက်ခွာခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ခြင်နှိမ်နင်းရေး နှိုးဆော်ချက်

၁။ ယခုအခါ ရာသီအပြောင်းအလဲ များပြားပြင်းထန်သည်နှင့်အမျှ ခြင်ကြောင့်ဖြစ်သောရောဂါများ ကမ္ဘာတစ်ဝန်းမှာဖြစ်ပေါ်လျက်ရှိပါသည်။

၂။ ခြင်များသည် ဖော်ပြပါရောဂါများကို ဖြစ်ပွားစေပါသည်-

**(က) ငှက်ဖျားရောဂါ**

**တောတောင်စိမ့်စမ်းရေများတွင် ပေါက်သော အနောဖလီခြင်ကြောင့်ဖြစ်ပြီး ကျေးလက်ဒေသများကို အဓိကထား၍ ဒုက္ခပေးသည်။ ခရီးသွားများပြားလာသည်နှင့်အမျှ လူတိုင်းဖြစ်နိုင်သည်။ ရောဂါဖြစ်လျှင် သေနိုင်သည်။**

**(ခ) သွေးလွန်တုပ်ကွေးရောဂါ**

**အိမ်နှင့် ပတ်ဝန်းကျင် ရေကြည်ရေသန့်များ၌ ပေါက်သော အေးဒီး ခြင်ကျားကြောင့်ဖြစ်ပြီး မြို့ပြ၌သာမက ကျေးလက်ဒေသနေ ကလေးများကိုပါ အဓိကထား၍ ဒုက္ခပေးသည်။ ရောဂါဖြစ်လျှင် သေနိုင်သည်။**

**(ဂ) ဆင်ခြေထောက်ရောဂါ**

**မြောင်းပုပ်ရေတွင်ပေါက်သော ကျူးလက်ခြင်များကြောင့်ဖြစ်ပြီး ဖျားနာခြင်းမှအစ ဒုက္ခိတဖြစ်နိုင်သည်အထိ ဒုက္ခပေးနိုင်သည်။**

**(ဃ) ဂျပန်ဦးနှောက်ရောင်ရောဂါ**

**လယ်ကွင်းများ၌ ပေါက်သောကျူးလက်ခြင်များကြောင့်ဖြစ်ပြီး ကျေးလက်မြို့ပြ မရွေးဒုက္ခပေးသည်။ ရောဂါဖြစ်လျှင် သေနိုင်သည်။**

**(င) ငန်းဝါဖျားရောဂါခေါ် (Yellow Fever)**

**မြန်မာနိုင်ငံတွင် မဖြစ်ပွားသေးပါ။ သို့သော် ရောဂါပိုးသယ်ဆောင်နိုင်သော အေးဒီးခြင်ကျားသည် မြန်မာနိုင်ငံတွင် ရှိသဖြင့် ရောဂါများ ကူးစက်လာနိုင်ကြောင်း သတိပြုရန်လိုသည်။**

၃။ ခြင်များကိုနှိမ်နင်းရာတွင် ခြင်ကောင်ကိုနှိမ်နင်းခြင်းနှင့် လောက်လမ်းကိုနှိမ်နင်းခြင်းနည်းလမ်းနှစ်သွယ်ရှိရာ ခြင်လောက်လမ်းကိုနှိမ်နင်းခြင်းက ထိရောက်လွယ်ကူ သက်သာပါသည်။

ထို့ကြောင့်-

**(က) ရေကြည်ရေသန့်ရှိရာ၊ သိုလှောင်ရာနေရာများ၊ မိုးရေတင်ကျန်ရာ နေရာများအားလုံးတွင် လောက်လမ်းများ မပေါက်ပွားအောင် ကာကွယ်ပါ။ ပေါက်လာသော လောက်လမ်းများကို ဖယ်ရှားပါ။**

**(ခ) အိမ်တွင်း၊ ခြံတွင်း၊ ရပ်ရွာတွင်း ခြင်ပေါက်နိုင်သမျှနေရာများ၊ ရေမြောင်းများ၊ ရေအိုင်ငယ်များ၊ ရေလှောင်ကန်များ အားလုံးတွင် လောက်လမ်း မပေါက်ပွားအောင် ကာကွယ်ပါ။**

**(ဂ) လောက်လမ်းမပေါက်စေရန် ဆားထည့်ခြင်း၊ အင်ဂျင်ဝိုင်ထည့်ခြင်း၊ Abate ဆေးထည့်ခြင်း၊ လောက်လမ်းစားငါးများထည့်သွင်းခြင်းများကို ဆီလျော်သည့် နည်းရွေးချယ်၍ ဆောင်ရွက်ပါ။**

**(ဃ) ခြင်ကောင်များ မဝင်ရောက်အောင် ခြင်ထောင်၊ ဆေးစိမ်ခြင်ထောင်၊ ခြင်ကာ၊ ဆေးစိမ်ထားသည့် အကာအရံများ အသုံးပြု၍ နေထိုင်ခြင်း၊ ခြင်မကိုက်နိုင်ရန် ခြင်နိုင်ဆေးလိမ်းခြင်း၊ ခြင်နိုင်ဆေးဖျန်းခြင်းများကို လိုအပ်သည့်အချိန်များတွင် ဆောင်ရွက်ပါ။**

**(င) ပတ်ဝန်းကျင်သန့်ရှင်းခြင်း၊ ခြင်ခိုအောင်းရာ နေရာများကို ဖယ်ရှားခြင်းဖြင့် လူအနားတွင် ခြင်များ နေထိုင်ပေါက်ပွားမှုမရှိစေရန် ဆောင်ရွက်ပါ။**

၄။ အထက်ပါအချက်များကို ဆောင်ရွက်ရာတွင် တစ်ဦးချင်း၊ မိသားစုနှင့် ရပ်ရွာလူထုပူးပေါင်းပြီး ပုံမှန်၊ တစ်ပြိုင်တည်း ဆောင်ရွက်လျှင် ခြင်အန္တရာယ်ကို ထိရောက်စွာ ကာကွယ်နိုင်မည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ရန်ကုန်မြို့ရှိ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၁၉**

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်သို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ် ဒေါက်တာမျိုးမြင့်နှင့် ပါမောက္ခဌာနမှူးများက ဘာသာပြန်၊ စကားပြန်သင်တန်း စိစစ်လက်ခံမှု၊ ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးမှာကြားပြီး ခင်းကျင်းပြသထားသော စာအုပ်၊ စာတမ်း၊ စာစောင်များကို လှည့်လည်ကြည့်ရှုသည်။

ရန်၊ အရည်အသွေးပေါ်လွင်အောင် ဖော်ထုတ်ရန် အားပေးတိုက်တွန်းမှာကြားသည်။ ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ကမာရွတ်မြို့နယ် ရန်ကုန် စီးပွားရေး တက္ကသိုလ်သို့ ရောက်ရှိပြီး ဝန်ကြီးအား ပါမောက္ခချုပ်ဒေါက်တာကံဇော်နှင့် ပါမောက္ခဌာနမှူးများက ဆောင်ရွက်နေမှုလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေး မှာကြားသည်။

ဝန်ကြီးသည် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၁၈ ရက် မွန်းလွဲပိုင်းတွင် ဗဟန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ ဗဟန်းမြို့နယ် အမှတ်(၁) အခြေခံပညာ မူလတန်းကျောင်းနှင့် ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းများသို့ ရောက်ရှိစစ်ဆေး မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် ပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ပါမောက္ခများအား အမှာစကား ပြောကြားစဉ်။** (ပညာရေး)



## ထိရောက်စွာသင်ကြားပေး

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်အဝေးသင်တက္ကသိုလ်သို့ ရောက်ရှိပြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဒေါ်မာလာအောင်နှင့် ပါမောက္ခဌာနမှူးများက ၂၀၀၇ ပညာသင်နှစ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဌာနအလိုက် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ဆောင်ရွက်ပြီး လုပ်ငန်းများကို ပြန်လည်သုံးသပ်ရန်၊ အနီးကပ်သင်တန်းများ ထိရောက်စွာ သင်ကြားပေးရန်တို့ကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်ပညာရေးတက္ကသိုလ်သို့ရောက်ရှိပြီး ဒုတိယပါမောက္ခချုပ် ဒေါ်ထူးထူးအောင်နှင့် ပါမောက္ခဌာနမှူးများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက ဖြည့်စွက်ဆွေးနွေးမှာကြားသည်။ ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရန်ကုန် တက္ကသိုလ်သို့ရောက်ရှိပြီး ရူပဗေဒဌာန ပါမောက္ခဌာနမှူး ဒေါက်တာ ဒေါ်ဝင်းဝင်းသာနှင့် ဓာတုဗေဒဌာန ပါမောက္ခဌာနမှူး ဒေါက်တာ စောလှမြင့်တို့က ဌာနအလိုက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက သရုပ်ပြဆရာများအဖြစ် ခန့်အပ်လိုက်သည့် ရူပဗေဒနှင့် ဓာတုဗေဒဂုဏ်ထူးတန်း အောင်မြင်ပြီးသူများအား ဘာသာရပ်အလိုက် ကျွမ်းကျင်အောင်ကြိုးစား

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၀-၈-၂၀၀၇ (တနင်္လာနေ့ )**
**၁၃၆၉ ခုနှစ်၊ ဝါခေါင်းလဆန်း ၇ ရက် (အဖိတ်နေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ စစ်ကိုင်းဂုဏ်တင် ဆွမ်းဦးပုညရှင်
- ၇:၅၅ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၂၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Grammer Made Easy.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၂၀ ၃။ ရန်ကုန်တိုင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနပဉ္စမအကြိမ်ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ(တတိယဆု)(အထက-၄-မင်္ဂလာတောင်ညွန့်)(အမျိုးသားဝတ်ရွတ်အဖွဲ့)
- ၄:၅၀ ၄။ **အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (အထူးပြုအားလုံး)(အင်္ဂလိပ်စာ)**
- ၅:၀၅ ၅။ အကပဒေသာ
- ၅:၁၅ ၆။ မြန်မာစာ၊ မြန်မာစကား
- ၅:၂၅ ၇။ တေးဂီတအစီအစဉ်(မြန်မာအသံ(ခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၅:၃၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
- ၅:၄၅ ၉။၂၀၀၇ခုနှစ်၊ (၁၅)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) (ဝါသနာရှင်၊ပထမတန်းအဆင့်) (အမျိုးသား၊အမျိုးသမီး) မှိုင်းပြာမှုန်ဝေ (စောင်းမှုမှုသိန်း)
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ အလှရှာမယ်လှကမ္ဘာဝယ်
- ၇:၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်သောရွှေနေခြည်” (အပိုင်း-၄)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ရေသူမလေးဒုတိယချစ်ပုံပြင်” (အပိုင်း-၃၇)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

➪ **တပ်မတော်(ကြည်း၊ရေ၊လေ)မှ**

ဗိုလ်ချုပ်လှဌေးဝင်းက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် စီးပွားရေးဦးပိုင်လီမိတက်၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ဒဂုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များအသင်း၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန မိသားစု၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ မွန်ရတနာ မိသားစု၊ International Hotel၊ ဒဂုံဖွံ့ဖြိုးအောင် ဆောက်လုပ်ရေး၊ စန္ဒီပရဆေးမိသားစု၊ အိုကေဆန်ရောင်းဝယ်ရေး၊ အာရှကြီးပွားတိုးတက်ရေး ကုမ္ပဏီ၊ ရွှေကျင်ဆေးတိုက်၊ ဘုရားကြီးရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မှန်ချိုဆေးတိုက်၊ ဒဂုံအမက(၂)၊ ဒေါ်ဖြူဖြူလွင်(ဦးဝိစာရ)၊ ထွန်းရွှေဝါဆေးတိုက်၊ မှန်ချိုတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့် ကျော် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးတို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ ဆွမ်းပဒေသာပင်အတွက် တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုက ငွေကျပ် ၃၀၀၀၀၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၃၀၀၀၀၊ ရန်ကုန် အနောက်ပိုင်းခရိုင်နှင့် ဒဂုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်နှစ်သိန်း၊ ဦးစိုင်းမောင်မောင်မြင့် (ဥက္ကဋ္ဌ၊ Sky Lion Trading Co., Ltd.)က ငွေကျပ် ၁၀သိန်း၊ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာမိုးတင် မိသားစုက ငွေကျပ်ရှစ်သိန်း၊ ဦးကျော်စိန်(MD, Jewellery Luck Co., Ltd.)က ငွေကျပ်ငါးသိန်း၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး စန္ဒီပရဆေးမိသားစုက ငွေကျပ် ၃၀၇၀၀၀၊ သီဟသုဓမ္မ မဏိဇောတဓရ ဦးတင်ဝင်း-သီရိသုဓမ္မသင်္ဂီ ဒေါ်စန်းစန်းဝင်း (မြန်မာပြည်သားဟော့ KN ကုမ္ပဏီ)က ငွေကျပ်သုံးသိန်း၊ ဦးရဲအောင်-ဒေါ်လဲ့လဲ့ဝင်း (သီရိကုဋေကြွယ်ကုမ္ပဏီ) က ငွေကျပ် ၂၀၆၀၀၀၊ ဒေါ်မေသန်းနွယ် (သင်္ဂီရွှေရည်ဓာတ်ပုံတိုက်)နှင့် Park Royalမိသားစုတို့က ငွေကျပ်နှစ်သိန်းစီ၊ ဒေါ်နန်းသန်းအေး(Empress Myanmar Media Advertising Co.,Ltd.)က ငွေကျပ် ၁၀၈၀၀၀၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (ဆန်းမြန်မာကုမ္ပဏီလီမိတက်)၊ သီဟသုဓမ္မမဏိဇောတဓရ ဦးသိုင်းဝင်း-ဒေါ်ဌေးဌေးညွန့်(BTB ကုမ္ပဏီ)နှင့် သီဟသုဓမ္မမဏိဇောတဓရ ဦးတင်အောင်-သီရိသုဓမ္မသင်္ဂီ ဒေါ်လှလှနွယ် (ဝင်းရတနာခရီးသွားလုပ်ငန်း)က ငွေကျပ် ၁၅၀၀၀၀ စီ၊ သီဟသုဓမ္မသင်္ဂီ ဒေါ်မြသန်း (သား)ဦးရန်ရှင်း(United Winner International Co.,Ltd. ) က ငွေကျပ် ၁၂၀၀၀၀၊ ဒေါ်သန်းနု (အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာ ငယ်/ရွယ်အဖွဲ့ခွဲတာဝန်ခံ) ကငွေကျပ် ၁၁၀၀၀၀၊ ဦးစိုးလှိုင်(ပြည့်ဝဆောက်လုပ်ရေး)၊ ဦးသိန်းလွင် (MD, Great Target Industries Co., Ltd.)၊ အဂ္ဂမဟာသီဟသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်၊ အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ ဒေါ်ကြည်ကြည်ဆွေ (သမ္မတသက်န်းတိုက်)၊ ဒေါ်လှလှ(လမ်းမတော် သန့်ရှင်းရေး)၊ ဦးအောင်မွန်-ဒေါ်လှလှမော် (မြင့်မြတ် စပါးထုတ်လုပ်ရေး)၊ ဦးမောင်မောင် (နဝဒေးလမ်း၊ ဒဂုံ)၊ ဒေါက်တာဝင်းကျော် (မြင့်မြတ်ကျော် သွားအထူးကုဆေးခန်း)၊ ဦးကြူးခင် (မိုးသယ်ယူပို့ဆောင်ရေး)နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့က ငွေကျပ်တစ်သိန်းစီ အပါအဝင် စေတနာရှင် အလှူရှင်များက စုစုပေါင်း အလှူငွေကျပ် ၅၇၇၃၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော်အရာရှိကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်က တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဘုန်းတော်ကြီးစာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် ဒဂုံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကမ္ဘာအေးကျောင်း ဆရာတော် ဘဒ္ဒန္တရေဝတထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ရေစက်ချ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဒဂုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များသို့ ယနေ့ လှူဒါန်းသည့် လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၆၁အိတ် ၁၅ပြည်၊ ဆီ ၁၁၈ပိဿာ၊ ပဲ ၃၉ပိဿာ ၄၀ကျပ်သား၊ အိုင်အိုဒင်းဆား ၁၉၇ ပိဿာ၊ သွားတိုက်ဆားဘူး ၄၀၊ တိုင်းရင်းဆေးမျိုးစုံ ၂၈၁၂ဘူးနှင့် ဆွမ်းပဒေသာပင် အလှူငွေကျပ် ၅၇၇၃၀၀၀ ဖြစ်သည်။

ထို့အတူ ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် ကိုးတိုက်နှင့် သီလရှင်စာသင်တိုက် နှစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ညနေ ၃ နာရီတွင် ရန်ကင်းမြို့နယ် မိုးကောင်းလမ်းရှိ မဟာဗောဓိပရိယတ္တိစာသင်တိုက် မဟာဗောဓိမြတ်စွာဘုရားရွှေကျောင်းတော်၌ ဆက်လက်ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ ရန်ကင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ကိုးတိုက်မှ ပဓာနနာယက ဆရာတော်ကြီးများနှင့် သီလရှင်စာသင်တိုက် နှစ်တိုက်မှ သီလရှင်ဆရာကြီးများ ကြွရောက်ကြပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စေတနာရှင်အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဓမ္မိကာရာမ (ကျိုက်ပိ) ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂုဏောသနထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကျိုက်ပိဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂုဏောသနအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့်ပဲများကို တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ ကိုယ်စား တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိကြီးသုံးဦးတို့က ဆရာတော်ကြီး ထံ ဆက်ကပ်လှူဒါန်းကြပြီး ဆက်လက်၍ သီလရှင် ဆရာကြီးများအား ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း၊ ရန်ကင်းမြို့နယ် စေတနာရှင် ပြည်သူများ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးကျော်မင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ သီရိသုဓမ္မ မဏိဇောတဓရဦးသန်းထွန်း(ကံ့ကော်ရွှေပြည်)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် ရန်ကင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး(စန္ဒီပရဆေးမိသားစု)၊ ဦးစိုးထွန်းရှိန်-ဒေါ်ခရေနွယ် (အာရှကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက်)နှင့် ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ (ထွန်းရွှေဝါဆေးတိုက်)တို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေများ ပေးအပ်လှူဒါန်းကြရာ တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုက ငွေကျပ် ၁၁၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၁၀၀၀၀၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ရန်ကုန် အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ်တစ်သိန်းစီ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မော်တော်ယာဉ်ထုတ်လုပ်သူများက ငွေကျပ်လေးသိန်း၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး(စန္ဒီပရဆေးမိသားစု)က ငွေကျပ် ၃၇၀၀၀၀၊ ဦးမျိုးမင်းစိုး-ဒေါ်အိကေသွယ်မင်း(ပုဇွန်တောင်မြို့နယ်)နှင့် ဦးခင်ဇော်-ဒေါ်ခင်ဆွေဦး (ကျားကိုးကောင်)တို့က ငွေကျပ် သုံးသိန်းစီ၊ သီရိသုဓမ္မမဏိဇောတဓရဦးတင်ဝင်း-သီရိသုဓမ္မသင်္ဂီ ဒေါ်စန်းဝင်း (မြန်မာပြည်သားဟော့KNကုမ္ပဏီ)၊ အဂ္ဂမဟာသီရိ သုဓမ္မမဏိဇောတဓရ ဦးကျော်မင်း၊ သီရိသုဓမ္မမဏိဇောတဓရ ဦးသန်းထွန်း (ကံ့ကော်ရွှေပြည်)နှင့် သီရိသုဓမ္မသင်္ဂီဒေါ်ခင်နန်းမွန်တို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (ဆန်းမြန်မာကုမ္ပဏီ)၊ ဦးသိုင်းဝင်း-ဒေါ်ဌေးဌေးညွန့်(BTBကုမ္ပဏီ)၊ ဦးအောင်ဆန်း(စင်ကာဆောက်လုပ်ရေး)နှင့် သီဟသုဓမ္မမဏိဇောတဓရ ဦးတင်အောင်-သီရိသုဓမ္မသင်္ဂီဒေါ်လှလှနွယ် (ဝင်းရတနာ ခရီးသွားလုပ်ငန်း) တို့က ငွေကျပ် ၁၅၀၀၀၀ စီ၊ ဒေါ်လှလှ (လမ်းမတော်)၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ အဂ္ဂမဟာ သီဟသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်-အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ ဒေါ်ကြည်ကြည်ဆွေ (သမ္မတသင်္ကန်းတိုက်)၊ သီရိသုဓမ္မမဏိဇောတဓရဦးစိုးဟန်လင်း-ဒေါ်နန္ဒာအောင်(ဗိုလ်တထောင်)၊ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဝင်းဇော်၊ မဟာသဒ္ဓမ္မမဏိဇောတဓရ ဦးကျော်ခင်မြင့်-ဒေါ်ခင်ခင်စိန်၊ သုဓမ္မသင်္ဂီ ဒေါ်နုနုငယ်(နုငယ်ဆောက်လုပ်ရေး)၊ သီဟသုဓမ္မမဏိဇောတဓရဦးအေးလွင်-သီရိသုဓမ္မသင်္ဂီ ဒေါ်ခင်ခင်လေး(ရွှေပြည်စံကုမ္ပဏီလီမိတက်)၊ ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ(ထွန်းရွှေဝါဆေးတိုက်)၊ ဦးအောင်ခင်-ဒေါ်စိန်စိန် (အောင်သံဆန်ခါလုပ်ငန်း)၊ ဦးသန့်ဇင်ဝင်း-ဒေါ်သစ်သစ် (Real Triangle Co., Ltd.)၊ ကံဘဲ့ဘူတာဈေး ဈေးသာယာရေးအဖွဲ့နှင့် ဦးသန်းဇော်-ဒေါ်ရီရီဝင်း (ရွှေယာမြေ သစ်စေ့ရောင်းဝယ်ရေး)တို့က ငွေကျပ်တစ်သိန်းစီအပါအဝင် အလှူရှင်များက ဆွမ်းပဒေသာပင်အတွက် စုစုပေါင်းငွေကျပ် ၄၃၂၇၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ကြသည်။

ယင်းနောက် ရောဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမြဝင်းက တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်မဟာဗောဓိ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ရေစက်ချ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကင်းမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သီလရှင် စာသင်တိုက်များသို့ ယနေ့လှူဒါန်းသည့် လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၃၀၅ အိတ်၊ ဆီ ၉၁၂ပိဿာ၊ ပဲ ၃၀၄ပိဿာ ၄၀ကျပ်သား၊ အိုင်အိုဒင်းဆား ၁၅၂၀ပိဿာ၊ သွားတိုက်ဆေး ၃၀၄ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၁၀၄၈ဘူးနှင့် ဆွမ်းပဒေသာပင် အလှူငွေကျပ် ၄၃၂၇၀၀၀ ဖြစ်သည်။

(သတင်းစဉ်)



**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်အတွင်းရှိ ဒဂုံပရိယတ္တိစာသင်တိုက်၊ ဒက္ခိဏာရုံစာသင်တိုက်နှင့် ကျားကူးကျောင်းတိုက်များသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်တစ်ဦးထံမှ လှူဒါန်းငွေများကို လက်ခံစဉ်။** (သတင်းစဉ်)

❍ **NLD မှ**

NLD ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများ ရေးသားပြီး အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်း အသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

လပွတ္တာမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီသည် နိုင်ငံနှင့် လူမျိုးအတွက် အကျိုးပြုသော ပါတီကြီးတစ်ခု ဖြစ်လာလိမ့်မည်ဟုမျှော်လင့်ချက်ဖြင့် NLD ပါတီသို့ ၎င်းတို့ဝင်ရောက်ခဲ့သော်လည်း ပါတီခေါင်းဆောင် များသည် ပုဂ္ဂိုလ်ရေး အာဃာတများဖြင့် တိုင်းပြည်နှင့် လူမျိုးအကျိုး ဆောင်ရွက် ခြင်းမရှိဘဲ အဖျက်လုပ်ရပ်များကိုသာ လုပ်ဆောင်နေသဖြင့် ၎င်းတို့သဘော ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါ ကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

# မြန်မာသတင်းနှင့် စာနယ်ဇင်းကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ လေ့လာရေးခရီးမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၁၉

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ Xinhua News Agency၏ ဖိတ်ကြားချက်အရ မြန်မာသတင်းနှင့် စာနယ်ဇင်း ကိုယ်စားလှယ်အဖွဲ့ဝင် ရှစ်ဦးသည် ဩဂုတ် ၁၂ ရက်တွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ပြီး ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ သည်။**

**တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့သော မြန်မာသတင်းနှင့်စာနယ်ဇင်းကိုယ်စားလှယ်အဖွဲ့ဝင်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။** (သတင်းစဉ်)



အဆိုပါမြန်မာသတင်းနှင့် စာနယ်ဇင်းကိုယ်စားလှယ် အဖွဲ့တွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်း လုပ်ငန်းနှင့် ပုဂ္ဂလိကသတင်းဂျာနယ်များမှ ကိုယ်စားလှယ် အဖွဲ့ဝင်များဖြစ်ကြသော နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက်မှ စာတည်းမှူးချုပ် ဦးမောင်မောင်အေး၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မျိုး၊ မြန်မာ့သတင်းစဉ်(ပြည်တွင်း)မှ စာတည်းမှူး ဦးထိန်လင်းအောင်၊ စာပေဗိမာန်မှ စာတည်း ဒေါ်တင်မွေး၊ ရန်ကုန်တိုင်းမ်ဂျာနယ်မှ ဦးကိုကို(ကိုကို၊ စက်မှုတက္ကသိုလ်)၊ ပေါ်ပြူလာဂျာနယ်မှ ဦးမောင်မောင်ဦး(ဟိန်းလတ်)၊ လျှပ်တစ်ပြက်ဂျာနယ်မှ ဦးမြတ်ခိုင်နှင့် ကုမုဒြာဂျာနယ်မှ ဦးကျော်ဆန်းမြင့် (ကျော်ရင်မြင့်)တို့ ပါရှိသည်။

(သတင်းစဉ်)



ရန်ကုန်တက္ကသိုလ် သတ္တဗေဒကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၁၂ ရက်တွင် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ရွှေမန်းကျောင်းတိုက်၌ ကျင်းပရာ ရွှေမန်းကျောင်းဆရာတော် ဘဒ္ဒန္တကုသလနှင့် သံဃာတော် ၁၀ ပါးတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ကပ်လှူပူဇော်စဉ်။ (က-ပ)



ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ဘီအိုစီပိဋကတ်ကျောင်းတိုက် တိုးချဲ့ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ ဆရာမ ဒေါ်ရီရီ (အမှတ်-၆၊ အထပြ၊ မြောင်းမြ) အားရည်စူး၍ ရန်ကုန်တိုင်း တာမွေမြို့နယ် (က+ဂ)ရပ်ကွက် ရွှေဥဒေါင်းလမ်းနေ ဦးဇော်ထွန်း [မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဒိုင်လူကြီး၊ မြန်မာနိုင်ငံ အားကစား ကလောင်ရှင်များ အဖွဲ့ချုပ်၊ မြောင်းမြမြို့နယ်အသင်း အမှုဆောင်၊ ကုန်သွယ်/လယ်ယာ(ငြိမ်း) လူမှုထူးချွန် တတိယဆင့်]နှင့် သားသမီးမြေးများ မိသားစုများက ငွေကျပ်နှစ်သိန်းကို ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒဝရ (မဟာဂန္ထဝါစကပဏ္ဍိတ) အရှင်သူမြတ်ထံ ရေစက်ချအနုမောဒနာတရားနာယူပြီး ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၀-၈-၂၀၀၇ (တနင်္လာနေ့)**

| | | | |
|---|---|---|---|
| ၇း၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် | ၁၀း၀၅ | ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (လိပ်ခေါင်းရောဂါ၊ အစာအိမ်လေနာရောဂါတို့နှင့်ပတ်သတ်သောကျန်းမာရေးပြဿနာများ) |
| ၇း၀၅ | ဝဋ်ရှိလျှင်လည်းခံပါမယ် တရားတော်(အပိုင်း-၂) ဘဒ္ဒန္တအရှင်ပညာဒီပ (ဟသ်ာတဆရာတော်) | ၁၀း၂၀ | တေးဂီတအစီအစဉ် |
| ၈း၀၀ | တောင်းတန်းပေါ်က စိန်တလုံး | ၁၀း၂၅ | Ecotourism ဆွဲဆောင်ဖို့ သဘာဝကိုထိန်းသိမ်းစို့ 'ဖိုးကျားဆင်စခန်း'(အပိုင်း-၁) |
| ၈း၁၀ | တေးဂီတအစီအစဉ် | ၁၀း၄၅ | မိုးလေဝသခန့်မှန်းချက် |
| ၈း၁၅ | သဘာဝကပေးတဲ့အကျိုးအာနိသင် | ၁၀း၅၀ | ထူးထူးခြားခြားရာသီဥတုဖြစ်စဉ်များ |
| ၈း၂၅ | တေးဂီတအစီအစဉ် | ၁၁း၁၀ | တေးဂီတအစီအစဉ် |
| ၈း၃၀ | ရန်ကင်းမြို့ကျက်သရေဆောင်မိုးကောင်းဆုတောင်းပြည့်စေတီတော် | ၁၁း၁၅ | ကုန်သွယ်စီးပွားနိုင်ငံ့အား (ဆက်သွယ်ဆောင်ရွက်မည့်ကမ္ဘာနှင့်အညီ) |
| ၉း၀၀ | ပြည်တွင်းသတင်းအကျဉ်း | ၁၁း၃၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၁၀ | MRTV-4 စာအုပ်စင်ကဏ္ဍ သံဃာတော်များနှင့်ပြောဆိုဆက်ဆံနည်း စာအုပ်စီစဉ်ပြုစုပူဇော်သူ ဓမ္မစက္ကဦးမောင်မောင်နှင့်တွေ့ဆုံခြင်း | ၁၁း၄၀ | ဆန်းသစ်တီထွင်မှုနှင့် Myanmar Font |
| | | ၁၂း၀၅ | တေးဂီတအစီအစဉ် |
| | | ၁၂း၁၀ | တည်ငြိမ်အေးဆေးစွာ တရားဘာဝနာ အားထုတ်နိုင်စေရာ |
| ၉း၄၅ | တေးဂီတအစီအစဉ် | ၁၂း၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၀ | မျိုးကောင်းမျိုးသန့်အကြောင်းသိကောင်းစရာ | ၁၂း၃၀ | HOTEL GUIDE (Summit Park View) |
| ၁၀း၀၀ | နိုင်ငံတကာသတင်းအကျဉ်း | ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တာနာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# ဝန်ကြီး ဦးအောင်သောင်း မကွေးတိုင်းရှိစက်ရုံများ စစ်ဆေး ရေမဲ့အီသနောစက် တီထွင်ထုတ်လုပ်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၉

**အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်နှင့် မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီတို့လိုက်ပါ၍ ယမန်နေ့တွင် မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် မြန်မာ့အထည်အလိပ်လုပ်ငန်း ဝါကြိတ်စက်ရုံသို့ရောက်ရှိပြီး လွှသွားဝါကြိတ်စက်သုံးလုံး၏ ကုန်ထုတ်လုပ်မှု အခြေအနေကိုလည်းကောင်း၊ ဂွမ်းမွေးနှာစက်၊ လွှသွေးစက်နှင့် သန့်စင်ဆန်ခါချစက်များကိုလည်းကောင်း၊ မုံရွာစက်မှုဇုန်က တီထွင်ထုတ်လုပ်သော ပြည်တွင်းဖြစ်ဘေထုပ်စက်၏ ဝါဘေထုတ်လုပ်မှု အခြေအနေကိုလည်းကောင်း၊ ပွတ်လုံးနှစ်လုံးတပ် ဝါကြိတ်စက်ဖြင့် ဝါစေ့ထုတ်လုပ်မှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။**

**ပိုင်းဝန်းကူညီပံ့ပိုး**

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟို အတွင်းရေးမှူး၊ အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် တောင်တွင်းကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အမျိုးသားရေးအကျိုးစီးပွားကို ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားရေးတာဝန်များကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရန်နှင့် မိမိတို့၏ဒေသများတွင် ဆောင်ရွက်လျက်ရှိသော ပြည်သူ့အကျိုးပြု လုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို နိုးကြားတက်ကြွစွာ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြရန် မှာကြားသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းသည် တောင်တွင်းကြီးမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော ၂၀၀၆-၂၀၀၇ ပညာသင်နှစ် အခြေခံပညာမူလတန်းနှင့် အခြေခံပညာအလယ်တန်းအဆင့် ပညာ ရည်ချွန်ဆုပေးပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် တောင်တွင်းကြီးမြို့ရှိ အခြေခံပညာ အလယ်တန်းကျောင်း သုံးကျောင်း၊ အခြေခံပညာ မူလတန်းကျောင်း ၁၁ ကျောင်းနှင့် အခြေခံပညာမူလတန်းလွန်ကျောင်း တစ်ကျောင်းတို့မှ ဆုရကျောင်းသား၊ ကျောင်းသူ ၂၇၀ တို့အား ဆုချီးမြှင့်ရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက အဋ္ဌမတန်းတွင် ဆုရရှိကြသူများအား လည်းကောင်း၊ တာဝန်ရှိသူများက တန်းစဉ်အလိုက် ဆုရရှိကြသူများအား လည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တောင်တွင်းကြီးမြို့နယ် ပညာရေးမှူးက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး ဦးအောင်သောင်းသည် တောင်တွင်းကြီးမြို့နယ် ပရပ်ကြယ်ကျေးရွာအနီးရှိ မြန်မာ့စားသောက်ကုန်လုပ်ငန်း ပြောင်းဖူးထုတ်ကုန်ပစ္စည်းစက်ရုံ (ရန်ပယ်)သို့ ရောက်ရှိ၍ ပြောင်းဖူးကော်မှုန့်ကြိတ်ခြင်းလုပ်ငန်း၊ ကော်ရည်ဆေးစက်နှင့် ပရိုတိန်းခွဲစက်တို့ကို လည်းကောင်း၊ ဘွိုင်လာဌာနကို လည်းကောင်း၊ ပြောင်းဖူးဆီကြိမ်းနှင့် သန့်စင်ပြီး ပြောင်းဖူးဆီသန့် အရောင်၊ အနံ့ အခြေအနေကို လည်းကောင်း၊ ပြောင်းဖူးဆီကို ဆီသန့်စက်ရုံနည်းစဉ်များအတိုင်း ထုတ်လုပ်မှုအဆင့်ဆင့်နှင့် တပ်ဆင်ပြီး ပုလင်းသွင်းစက်ကုန် ထုတ်လုပ်မှု လုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီး ဦးအောင်သောင်းသည် အောင်လံမြို့နယ် မြန်မာ့အထည်အလိပ်လုပ်ငန်း လယ်မ၊ သာစည်ဒေသ၊ ဝါစိုက်ပျိုးရေးစီမံကိန်း ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိပြီး မြန်မာ့အထည်အလိပ်လုပ်ငန်း စက်မှုကုန်ကြမ်း (အထွေထွေမန်နေဂျာ) ဦးထွန်းမြင့်က ၂၀၀၇-၂၀၀၈ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် စက်မှုကုန်ကြမ်း ဝါစိုက်ပျိုးရန် စီစဉ်ဆောင်ရွက်မှု အခြေအနေများကို စိုက်ကွက်အလိုက် မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက စက်မှုကုန်ကြမ်းဝါကို အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရန် မှာကြားသည်။

ဆက်လက်၍ဝန်ကြီးဦးအောင်သောင်းသည် အောင်လံမြို့ ပြည်လမ်း ကရော်ကုန်းရပ်ကွက်ရှိ ဝင်းသူဇာအရောင်းဆိုင်တည်ဆောက်မည့် မြေနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။



**အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တောင်တွင်းကြီးမြို့နယ် ပြောင်းဖူးထုတ်ကုန်ပစ္စည်းစက်ရုံ (ရန်ပယ်)တွင် ကြည့်ရှုစစ်ဆေးစဉ်။** (စက်မှု-၁)

**မှာကြား**

ယင်းနောက် ဝန်ကြီးသည် အောင်လံမြို့ရှိ UKT စက်မှုလက်မှုနှင့် အရက်ချက်စက်ရုံလုပ်ငန်းသို့ ရောက်ရှိ၍ Molecular Sieve ဖြင့် ရေမဲ့အီသနောစက် တီထွင်ထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးရာ ဦးကံထွန်းက တီထွင်ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ကို လည်းကောင်း၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း အထွေထွေမန်နေဂျာ ဒေါက်တာ ချိုဝင်းမော်က ရေမဲ့အီသနောရရှိနိုင်မှု အခြေအနေကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဝန်ကြီး ဦးအောင်သောင်းက ကုန်ကျစရိတ်နည်းနည်းဖြင့် အကျိုးများစွာ ဖြစ်ထွန်းနိုင်မည့် Pure Fuel Ethanol ထုတ်လုပ်မှု နည်းစဉ်အသစ်ကို ဆက်လက် အကောင်အထည်ဖော်ထုတ်လုပ်ရန် မှာကြားသည်။

(သတင်းစဉ်)

# ဆေးပဋ္ဌာန်းထောက်ပံ့လှူဒါန်းပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၉**

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သမိုင်းဝင်ဆံတော်ရှင် ကျိုက်သုတ် စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း နှစ်စဉ်ကျင်းပမြဲဖြစ်သည့် (၁၂၂) ကြိမ်မြောက် ဆေးပဋ္ဌာန်း ထောက်ပံ့လှူဒါန်း ပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပရေးနှင့် လုပ်ငန်းဆပ်ကော်မတီများအား တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၆ရက်တွင် အဆိုပါ စေတီတော်မြတ်ကြီး၌ ကျင်းပရာ ဆေးပဋ္ဌာန်း ထောက်ပံ့လှူဒါန်းပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးရွှေရင်က ယခုနှစ် ကျင်းပမည့် ဆေးပဋ္ဌာန်း ထောက်ပံ့လှူဒါန်း ပူဇော်ပွဲသည် နှစ်ပေါင်းတစ်ရာကျော်မှစတင်၍ ရိုးရာမပျက် နှစ်စဉ်ကျင်းပလျက်ရှိကြောင်း၊ ယခုနှစ် စက်တင်ဘာ ၁၁ ရက်(ဝါခေါင်လကွယ်)နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း၊ ကြွရောက်တော်မူလာကြမည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ ကျောင်းပေါင်း ၁၀၈ ကျောင်း၊ သီလရှင်ကျောင်း သုံးကျောင်းတို့မှ သံဃာတော်၊ သီလရှင်အပါး ၅၀၀၀ ကျော် ကြွရောက်တော်မူလာမည်ဖြစ်ကြောင်း ပြောကြားကာ ဆပ်ကော်မတီ အသီးသီးကို တာဝန်ပေးအပ်လိုက်သည်။

စေတနာရှင်၊ အလှူရှင်များ၊ အသင်းအဖွဲ့များ၊ ဆေးတိုက်ပိုင်ရှင်များက ဆေးပဋ္ဌာန်း ထောက်ပံ့လှူဒါန်းပူဇော်ပွဲအတွက် ရန်ကုန်မြို့ ရွှေတိဂုံ အနောက်ဘက်စောင်းတန်း အောက်ပစ္စယာရှိ မော်လမြိုင်အသင်း (ရန်ကုန်) ဖုန်း-၀၁-၂၅၆၁၅၇၊ ဒုတိယ ဥက္ကဋ္ဌ ဦးစိုးဝင်း ဖုန်း-၀၁-၇၂၈၂၃၇၊ ကျိုက်သုတ်စေတီတော် ဂေါပကအဖွဲ့ ဖုန်း-၀၅၇-၂၄၆၉၀၊ ကျိုက်သုတ် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဖုန်း-၀၅၇-၂၅၅၃၁ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**သင့်သွေးဖြင့် အသက်ကယ်ပါ**

# ဝါဆိုဦး ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၉**

အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)ဂေါက်ကွင်း၌ ဝါဆိုဦးဂေါက်သီးရိုက်ပြိုင်ပွဲကို ဦးကိုလေးနှင့်အဖွဲ့ (MOGE)နှင့် ဦးတင်နွယ်အောင်တို့၏ ပံ့ပိုးကူညီမှုဖြင့် ဩဂုတ် ၁၂ ရက်က ကျင်းပရာ ဌာနဆိုင်ရာမှ ဂေါက်သီးရိုက်အားကစားသမားများအပါအဝင် စုစုပေါင်း ၁၂၅ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲအပြီးအတွင် ဆုရရှိ သူများအား ဦးကိုလေး၊ ဦးတင်နွယ်အောင်နှင့် ဦးသိန်းဌေးတို့က ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (က-ပ)

# အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား သိုင်းပြိုင်ပွဲနှင့် ပြည်နယ်နှင့်တိုင်း သိုင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၉**

၂၀၀၇ ခုနှစ် ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလားသိုင်းပြိုင်ပွဲနှင့် (၂၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း သိုင်းပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၃နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အားကစားနှင့် ကာယပညာ ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ရဲမှူးချုပ်သန်းဟန်နှင့် ဒုတိယဥက္ကဋ္ဌ ဦးမြသိန်းတို့က ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်သို့ အလှူရှင်များက အလှူငွေများလှူဒါန်းကြရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ရဲမှူးချုပ်သန်းဟန်နှင့် ဒုတိယဥက္ကဋ္ဌ ဦးမြသိန်းတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ယင်းနောက် သိုင်းလက်ရွေးစင်များနှင့် လူငယ်ကစားသမားများက သိုင်းစွမ်းရည်ပြသကြသည်။

အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလားပြိုင်ပွဲတွင် အသင်း ၁၉သင်း၊ ပြည်နယ်နှင့်တိုင်းပြိုင်ပွဲတွင် အသင်း ၁၄သင်းတို့မှ အားကစားမောင်မယ် ၄၈၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲများကို ဩဂုတ် ၂၅ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ (ကြေးမုံ)



အဘွားဖြစ်သူ ဒေါ်စန်းစန်း၏ (၆၈)နှစ်ပြည့်မွေးနေ့အတွက် မြေးဖြစ်သူ သမီး မထက်ထက်နိုင် Grade (3-A) အထက(၂) လသာနှင့် သား မောင်စွမ်းထက်နိုင်တို့က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို ပိဋကနှစ်ပုံဆောင် ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တာလင်္ကာရထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ–နိ(ပင်မ)ဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)



ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်(၇၀) တက္ကသိုလ်ရိပ်သာလမ်းရှိ အင်းလျားဝေဠုဝန် ပရိယတ္တိစာသင်တိုက်အတွင်း ဆောက်လုပ်လျက်ရှိသော ပင်မသုံးထပ်ကျောင်းဆောင်ကြီးအတွက် ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနေ ဦးထွန်းခင်–ဒေါ်အုန်းကြည်၊ မောင်သက်ခိုင်တို့အားရည်စူး၍ ဒေါ်မြင့်မြင့်သက်၊ သမီး မလဲ့ရည်ထွန်း မိသားစုတို့က ငွေကျပ် တစ်သိန်းလေးသောင်းတစ်ထောင်ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဝေဠုဝန်နိကာယ ဗဟိုအကျိုးတော်ဆောင်ချုပ်ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသ(အဂ္ဂမဟာပဏ္ဍိတ)ထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး ကျောင်းဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးသန်းလှ(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)



မော်လမြိုင်မြို့ မရမ်းကုန်းရပ်ရှိ ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း လုံးတော်ပြည့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းရန်အတွက် ဩဂုတ် ၁၂ရက်က မော်လမြိုင်မြို့ မရမ်းကုန်းရပ်နေ ဦးမြင့်ဇော်–ဒေါ်ညွန့်မြိုင် သား၊ သမီး၊ မြေးတစ်စုက ငွေကျပ် ၁၁၀၀၀၀၀ ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့မှ ဥက္ကဋ္ဌ ဦးရွှေရင်နှင့် အတွင်းရေးမှူး ဦးမျိုးခိုင်တို့ လက်ခံယူစဉ်။ (၃၀၇)

## အင်တာနက် အားကစားသတင်းများ

# မန်စီးတီးက မန်ယူကို အနိုင်ရ အာဆင်နယ်–ဘလက်ဘန်းနှင့် လီဗာပူး–ချယ်လ်ဆီး သရေကျ

**လန်ဒန် ဩဂုတ် ၁၉**

အင်္ဂလိပ်ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃)ကို ယနေ့ ဆက်လက်ကျင်းပသည်။ မန်ချက်စတာမြို့ရှိ မန်ချက်စတာအားကစားကွင်း၌ ကျင်းပသည့် ဘောလုံးပြိုင်ပွဲ၌ မန်ချက်စတာစီးတီးအသင်းက မန်ချက်စတာယူနိုက်တက်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

မန်ချက်စတာစီးတီးအသင်းသည် လက်ရှိဘောလုံးရာသီအစတွင် သုံးပွဲကစားခဲ့ရာ၌ သုံးပွဲစလုံး အနိုင်ရရှိခဲ့သည်။ ဆက်တိုက် အနိုင်ရရှိမှုကြောင့် ပြိုင်ဘက် မန်ချက်စတာယူနိုက်တက်အသင်းပရိသတ်မှာ အံ့အားသင့်မှုဖြစ်ရသည်။

မန်စီးတီးအသင်းသည် လွန်ခဲ့သည့် ဘောလုံးရာသီတွင် တန်းဆင်းဖုန်မရောက်ရေးအတွက် အကြိတ်အနယ်ကြိုးပမ်းခဲ့ရာမှ ယခုနှစ်တွင် ပွဲဦးထွက်ရလဒ်များ ကောင်းမွန်လျက်ရှိသည်။

ပွဲချိန် ၃၁မိနစ်တွင် မန်စီးတီးအသင်းမှ ဘရာဇီးဘောလုံးသမား ဂျီအိုဗန်နီက တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူခဲ့သည်။

မန်ချက်စတာယူနိုက်တက်အသင်းမှ ဝိန်းရူနီထိခိုက်ဒဏ်ရာရရှိထားပြီး စီရော်နယ်ဒိုမှာ ပွဲပယ်ဒဏ်ခံထားရသဖြင့် ယင်းအသင်းမှာ အားနည်းမှုဖြစ်ရသည်ဟု သုံးသပ်ကြသည်။ မန်ယူအသင်း၏ အသင်းသားသစ် အိုဝင်ဟားဂရေ့ဗ်မှာ ပွဲဦးထွက်ပါဝင်ကစားပြီး ကွင်းလယ်ကစားကွက် အင်ပြည့်အားပြည့်ရှိသည်။ ရှေ့တန်းတွင် ကာလို့စ်တီးဗက်ဇ်တစ်ဦးတည်းသာ ရှိနေသည်။

### အာဆင်နယ်–ဘလက်ဘန်းသရေ

ဘလက်ဘန်းမြို့ရှိ အီးဝုဒ်ပါ့ခ်ကွင်း၌ အာဆင်နယ်အသင်းနှင့် ဘလက်ဘန်းအသင်းတို့ ကစားရာ တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။



ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် မန်ချက်စတာယူနိုက်တက်အသင်းမှ ကာလို့စ်တီးဗက်ဇ်(ယာ)နှင့် မန်စီးတီးအသင်းမှ မိုက်ကယ်ဂျွန်ဆင်တို့ ဘောလုံးယှဉ်လုကြစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အာဆင်နယ်အသင်းမှ ဂိုးသမား ယန်းလေမန်း၏ အမှားကြောင့် ဘလက်ဘန်းအသင်း ချေပဂိုးရရှိကာ သရေကျခဲ့သည်ဟု သုံးသပ်ကြသည်။

ပွဲချိန် ၁၈မိနစ်တွင် အာဆင်နယ်အသင်းမှ ဗန်ပါစီကဖွင့်ဆော်ဦး ဂိုးသွင်းနိုင်ခဲ့သည်။ ပယ်နယ်တီဧရိယာအတွင်း ဘလက်ဘန်းအသင်း ဖျက်ထုတ်နိုင်ခြင်းမရှိသဖြင့် ဂိုးပေးခဲ့ရသည်။

ပွဲချိန် ၇၂မိနစ်တွင် ဒေးဗစ်ဒွန်းက ဂိုးသွင်းရာ ဂိုးသမား လေမန်းမှာ ဘောလုံးကို ပိုင်ပိုင်နိုင်နိုင် မဖမ်းယူနိုင်၍ ဂိုးပေးခဲ့ရသည်။

### လီဗာပူး–ချယ်လ်ဆီးသရေ

လီဗာပူးမြို့ရှိ အန်းဖီးလ်ကွင်း၌ ကျင်းပသည့် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် လီဗာပူးအသင်းနှင့် ချယ်လ်ဆီးအသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့ကြ သည်။

ပွဲချိန် ၁၅မိနစ်တွင် ဂျရတ်ပို့ပေးလိုက်သော ဘောလုံးကို ဖာနန်ဒိုတောရက်စ်က သွင်းယူခဲ့ရာ လီဗာပူးအသင်းတစ်ဂိုးအသာဖြင့် ဦးဆောင်ကစားနိုင်ခဲ့သည်။ ပွဲချိန် ၆၁မိနစ်တွင် ဖရန့်ခ်လမ်းပတ်က ချေပဂိုးသွင်းယူခဲ့သည်။

***အင်တာနက်။***

# ဝေဠုဝန်နိကာယဂိုဏ်း သာသနာပိုင် ရောဝတီတိုင်း ပုသိမ်ခရိုင် ပုသိမ်မြို့ ဝေဠုဝန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ နာဂဝံသ(အဘိဓဇမဟာရဋ္ဌဂုရု)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် ဧရာဝတီတိုင်း မြောင်းမြမြို့နယ် ကွမ်းခြံကြီးကျေးရွာ ခမည်းတော် ဦးဘိုးသင်း၊ မယ်တော် ဒေါ်စောတို့မှ ၁၂၇၈ ခုနှစ် ပြာသိုလပြည့်ကျော် ၆ ရက် (စနေနေ့)တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်/ရဟန်းပြုတော်မူခြင်း

ဆရာတော် လောင်းလျာသည် ၁၂၉၃ခုနှစ် တပေါင်းလဆန်း ၈ရက်နေ့တွင် ပုသိမ်မြို့ ဝေဠုဝန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသာဂရကို ဥပဇ္ဈာယ်ပြု၍ ဒေါ်သက်ပု၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။ ၁၂၉၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ရက်တွင် ပုသိမ်မြို့နယ် သလပ်ခွာကျေးရွာကျောင်း ခဏ္ဍသိမ်၌ ပုသိမ်မြို့ ဝေဠုဝန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသာဂရကိုဥပဇ္ဈာယ်ပြုလျက် သလပ်ခွာကျေးရွာ ဦးမောင်ကြီး–ဒေါ်ဒန်းတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ပုသိမ်မြို့ ဝေဠုဝန်ကျောင်းတိုက် ဆရာတော်၊ မြောင်းမြမြို့ ပဋ္ဌာနတာရုံကျောင်းတိုက် ဆရာတော်၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်ဆရာတော်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက် ဆရာတော် စသည်တို့ထံ၌ ပိဋကတ်ကျမ်းစာပါဠိ အဋ္ဌကထာ ဋီကာများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး ဓမ္မာစရိယစာမေးပွဲကို အောင်မြင်တော်မူခဲ့ပါသည်။

### သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ပုသိမ်မြို့ ဝေဠုဝန်ကျောင်းတိုက် မြောင်းမြမြို့ ပဋ္ဌာနတာရုံကျောင်းတိုက် ရန်ကုန်မြို့ သရက်တောကျောင်းတိုက်တို့၌ တပည့် ရဟန်းသာမဏေတို့ကို ပရိယတ္တိစာပေများ သင်ကြားပို့ချတော်မူ၍ လည်းကောင်း၊ သီရိလင်္ကာနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဂျပန်နိုင်ငံတို့သို့ ကြွရောက်သာသနာပြုတော်မူ၍ လည်းကောင်း၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ သင်္ဂီတိကာရက ပါဠိပဋိဝိသောဓကအဖြစ် ဆောင်ရွက်တော်မူ၍ လည်းကောင်း၊ ပုသိမ်မြို့ တန်ခိုးကြီးဘုရားစေတီဂေါပကအဖွဲ့များ၏ ဩဝါဒါစရိယအဖြစ် ဆောင်ရွက်တော်မူ၍လည်းကောင်း၊ ဧရာဝတီတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (ဝေဠုဝန်)အဖြစ် ဆောင်ရွက်တော်မူခြင်း၊ ဝေဠုဝန်နိကာယဂိုဏ်းသာသနာပိုင်အဖြစ် ဆောင်ရွက်တော်မူခြင်းတို့ဖြင့် လည်းကောင်း သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူ၍ လဇ္ဇီပေသလ သိက္ခာကာမစသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော် ဘဒ္ဒန္တ နာဂဝံသအား နိုင်ငံတော်အစိုးရက ၁၉၉၁ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်မြတ်ကို လည်းကောင်း၊ ၂၀၀၆ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်း ပူဇော်ခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော်(၉၁)နှစ်၊ သိက္ခာတော်(၇၁)ဝါအရ ၁၃၆၉ခုနှစ် ဝါခေါင်လဆန်း ၄ရက် ၁၇–၈–၂၀၀၇ (သောကြာနေ့) ည ၉း၁၅နာရီ အချိန်တွင် သီတင်သုံးတော်မူရာ ပုသိမ်မြို့ ဝေဠုဝန်ကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူပြီး ၂၃–၈–၂၀၀၇ရက် မွန်းလွဲ ၁နာရီတွင် ပုသိမ်မြို့ ဝေဠုဝန်ကျောင်းတိုက်၌ အန္တိမ ဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

# လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

**နေပြည်တော် ဩဂုတ် ၁၉**

ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မှတ်သုံလေ အားကောင်းနေသည်။

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၌ နယ်စပ်/စည်ပင်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ဆွမ်းဆက်ကပ်

**ရန်ကုန် ဩဂုတ် ၁၉**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ဝန်ထမ်းမိသားစုများ၏ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)သို့ တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက် ၁၀နာရီတွင် ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပရာ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်း၊ စည်ပင်သာယာရေးဘဏ် လီမိတက်မှ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်၊ ရန်ကုန်မှ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီးနှင့် ဌာနမှူး၊ ပါမောက္ခ ဆရာ၊ဆရာမများတက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)၏ ပိဋကတ်ဆိုင်ရာ မြန်မာစာပေဌာန၊ ဌာနမှူး ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တသာဂရဉာဏထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)အတွက် တစ်နေ့တာ ဆွမ်းအလှူငွေ ကျပ် ၂၅၀၀၀၀ ကို ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းက လှူဒါန်းရာ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က လက်ခံယူသည်။ **(အောက်ပုံ)**

ဆက်လက်၍ ဆရာတော် သံဃာတော်တို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## သံလွင်မြစ်ရေ ဘားအံမြို့တွင် စိုးရိမ်ရေမှတ်ကျော်

**နေပြည်တော် ဩဂုတ် ၁၉**

သံလွင်မြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၆၈ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၈ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှနောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၅၀ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။



## ဆက်ကပ်လှူဒါန်း

**သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာ အိမ်ရာဝင်းရှိ အောင်မြေရတနာစာသင်တိုက်ကျောင်း သာသန၀ဇ မွှာစရိယ ဘွဲ့ရ အရှင်နှစ်ပါး ဂုဏ်ပြုပွဲနှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၁၂ရက်က ကျင်းပရာ အလှူရှင်များက ဘွဲ့တံဆိပ်တော်ရ အရှင်ပညာဗလအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** (၅၃၅)

# ကျန်းမာရေး အလှကုန်ပစ္စည်းသစ် မိတ်ဆက်

**ရန်ကုန် ဩဂုတ် ၁၉**

ရွှေပန်းတိုင် ထရိတ်ဒင်း ကုမ္ပဏီလီမိတက်က တင်သွင်းသော Healthy Shop (Paris) ကျန်းမာရေးအလှကုန်ပစ္စည်း ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲနှင့် အနုပညာရှင် Member သုံးဦးတို့၏ မွေးနေ့ပွဲအခမ်း အနားကို ဩဂုတ် ၁၂ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ရှိ Healthy Shop (Paris) ရုံးချုပ် အမှတ် (၁၉၉) အနော်ရထာလမ်း လမ်းမတော် မြို့နယ်၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ရွှေပန်းတိုင် ထရိတ်ဒင်း ကုမ္ပဏီလီမိတက် အထွေထွေမန်နေဂျာ ဦးထွန်းလင်းက အလှကုန် ပစ္စည်းသစ်ဖြစ်သော Two Way Powder အကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဩဂုတ်လတွင် ကျရောက်သော အနုပညာရှင် Member များဖြစ်ကြသည့် ချစ်သုဝေ၊ ရတနာမိုင်နှင့် သီဂီထွန်းတို့၏ မွေးနေ့ပွဲ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ Healthy Shop (Paris) မှ ယခုအသစ် တင်သွင်းသည့် Two Way Powder သည် သဘာဝ ဂျင်ဆင်းမြစ်မှ ထုတ်လုပ်ထားခြင်းဖြစ်ပြီး မျက်နှာအဆီပြန်သူများ အတွက် အထူးသင့်တော်ကာ အရောင်လေးမျိုး ထုတ်လုပ်ထားသည်။ အဆိုပါ ကုန်ပစ္စည်းသစ်အပြင် ကျန်းမာရေး အလှကုန်ပစ္စည်းအမျိုးပေါင်း ၁၇၀ ကျော်ကိုလည်း Healthy Shop (Paris)မှ ဖြန့်ဖြူးလျက်ရှိသည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် ရွှေပန်းတိုင် ထရိတ်ဒင်း ကုမ္ပဏီ လီမိတက်က တင်သွင်းသော Healthy Shop (Paris) အလှကုန်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချနေသော အသင်းဝင် Member များအား ထိုင်းနိုင်ငံမှ မိတ်ကပ်ပညာရှင်တစ်ဦးက မိတ်ကပ်နှင့်ပတ်သက်သော အလှပြင်သင်တန်းကို ဩဂုတ် ၂၁ရက်တွင် လာရောက် သင်ကြားပေးမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)






# ရွှေခါးပတ်ချန်ပီယံ လက်ဝှေ့ပြိုင်ပွဲ ဝင်ရောက်နွှဲမည့် မြို့တော်စည်ပင်အသင်း

ရန်ကုန် ဩဂုတ် ၁၉

**ဇင်လင်းထွန်း(ဓနုဖြူ)**

**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှကြီးမှူး၍ စတုတ္ထအကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲကြီးကို အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပတော့မည်ဖြစ်သည်။ ဩဂုတ် ၂၅ရက်နှင့် ၂၆ရက်တို့တွင် ကွာတားဖိုင်နယ်ပြိုင်ပွဲများ၊ စက်တင်ဘာ ၁ရက်နှင့် ၂ရက်တို့တွင် ဆီမီးဖိုင်နယ်ပွဲများနှင့် စက်တင်ဘာ ၉ရက်တွင် ဗိုလ်လုပွဲများကို နေ့စဉ် မွန်းလွဲ ၂နာရီမှစတင်၍ ငါးရက်တိုင် ကျင်းပသွားမည်ဖြစ်သည်။**



**၂၀၀၇ခုနှစ် ရွှေခါးပတ်ချန်ပီယံ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၀၆ခုနှစ်ရွှေခါးပတ်ဆုရ ရန်ကြီးအောင်။** (မြို့တော်စည်ပင်)

အဆိုပါပြိုင်ပွဲကြီးသို့ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ရန်ကုန်တိုင်း အခြေစိုက် ရိုးရာလက်ဝှေ့ကလပ်အသင်းများမှ နာမည်ကျော် ရိုးရာလက်ဝှေ့သမား အများအပြား ဝိတ်တန်းအလိုက် ရွှေခါးပတ်ချန်ပီယံ ဆွတ်ခူးနိုင်ရေးအတွက် အကြိတ်အနယ်ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ရိုးရာလက်ဝှေ့အဖွဲ့များ၏ ပြိုင်ပွဲအကြိုကာလ ပြင်ဆင်လေ့ကျင့် ကြပုံများကို လေ့လာတင်ပြလိုက်ပါသည်။

ရန်ကုန်တိုင်း အခြေစိုက် ရိုးရာလက်ဝှေ့ ကလပ်အသင်းများအနက် မြို့တော်စည်ပင်အသင်းလည်း ပါဝင်သည်။ မြို့တော်စည်ပင် အသင်းကို အောင်မင်္ဂလာအဝေးပြေးဝင်း၌ နည်းပြဆရာကိုလှစိုးဦး၏ ညွှန်ကြားမှုဖြင့် လေ့ကျင့်နေကြသည်။

မြို့တော်စည်ပင် ရိုးရာလက်ဝှေ့အသင်းသည် ၂၀၀၀ ပြည့်နှစ်တွင် ကျင်းပခဲ့သော ဒုတိယအကြိမ် ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲကြီး၌ တံခွန်စိုက်ဒိုင်းဆုကြီးကို ဆွတ်ခူးခဲ့ဖူးသည့် အစဉ်အလာကြီးမားသော အသင်းဖြစ်သည်။ ယင်းအစဉ်အလာကောင်းကို ပြန်လည်ထိန်းသိမ်းဖော်ဆောင်နိုင်ရေးအတွက်လည်း အပြင်းအထန်လေ့ကျင့်နေကြသည်။



**၂၀၀၇ခုနှစ် ရွှေခါးပတ်ချန်ပီယံ ပြိုင်ပွဲဝင်မည့် ကျန်စစ်အောင်။**

ယခုပြိုင်ပွဲကြီးသို့ မြို့တော်စည်ပင်အသင်းမှ ရှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ ဝိတ်တန်းကိုးတန်းရှိသော ပြိုင်ပွဲတွင် အင်အားပြည့်နီးပါး ယှဉ်ပြိုင်မည့် အခြေအနေရှိသည်။ ၎င်းတို့အသင်းသည် လူအရေအတွက်သာ အင်အားကောင်းသည်မဟုတ်လက်ဝှေ့သမားများ၏ အရည်အချင်းကလည်း မြင့်မားသည်ကို တွေ့ရှိရသည်။

နိုင်းဝမ်းလေးဆိုလျှင် ၂၀၀၀ပြည့်နှစ် ဖယ်သာဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ ဖြစ်ခဲ့ဖူးပြီး မြန်မာ–ဂျပန် ချစ်ကြည်ရေးပွဲတွင် ဂျပန်လက်ဝှေ့သမားကို ၎င်း၏ လျှပ်ပြက်သလို မြန်ဆန်သောလက်သီးများဖြင့် ပြတ်ပြတ်သားသား အနိုင်ယူခဲ့ဖူးသူဖြစ်သည်။ ကရင်ပြည်နယ်၊ မွန်ပြည်နယ် အတွင်းတွင် စိန်ခေါ်ပွဲပေါင်းများစွာ ထိုးသတ်ခဲ့ဖူးသည့် အတွေ့အကြုံရင့် လက်ဝှေ့ကျော်ဖြစ်သည်။ နာမည်ကျော် တွံတေးဝမ်းနိုင်း၏ ညီအရင်းဖြစ်၍ ငယ်စဉ်ကပင် လက်ဝှေ့ပညာ အခြေခံကောင်းခဲ့ပြီး ကြိုးဝိုင်းနှင့်ယဉ်ပါးခဲ့သူ နိုင်ဝမ်းလေးကယခုပြိုင်ပွဲတွင် ချန်ပီယံ ရွှေခါးပတ်ကို ဒုတိယအကြိမ် ရယူရန် တာစူနေသည်။ ပွဲပေါင်း ၄၅ပွဲတွင် ၂၉ပွဲ အလဲထိုးခဲ့၍ အရှုံးခြောက်ပွဲ၊ သရေ ၁၀ပွဲ မှတ်တမ်းရှိထားသူ နိုင်းဝမ်းလေးက ဖယ်သာဝိတ်တန်း၌ ဝင်ရောက်ယှဉ်ပြိုင်ဖွယ်ရှိသည်။

အသက်(၂၂)နှစ်သာ ရှိသေးသော်လည်း အရပ် ၅ပေ ၈လက်မ၊ လက်တံ



**၂၀၀၇ခုနှစ် ရွှေခါးပတ်ချန်ပီယံ ပြိုင်ပွဲဝင်မည့် ၂၀၀၀ပြည့်နှစ် ရွှေခါးပတ်ချန်ပီယံ နိုင်းဝမ်းလေး။**

(မြို့တော်စည်ပင်)

အရှည် ၆၂ လက်မရှိပြီး အလုံးအထည် အရပ် အမောင်းကောင်းသူ ရန်ကြီးအောင်သည် စိန်ခေါ်ပွဲပေါင်း ၃၀ကျော် နွှဲခဲ့ဖူးသော အတွေ့အကြုံရှိထားပြီး ၂၀၀၆ ရွှေခါးပတ် ချန်ပီယံပြိုင်ပွဲတွင် သူရရဲအောင်အား ဗိုလ်လုပွဲ၌ အမှတ်ဖြင့် ကပ်၍ရှုံးနိမ့်ကာ ရွှေခါးပတ်နှင့် လွဲခဲ့ရခြင်းကို မကျေနပ်နိုင်ဘဲ ယခုပြိုင်ပွဲတွင် ရွှေခါးပတ်ဆင်မြန်းရန် ကြိုးပမ်းနေသည်။ MCC ပြိုင်ပွဲနှစ်ရပ်တွင် ပြိုင်ဘက်များအား ညာပင့်လက်သီးဖြင့်လည်းကောင်း၊ ညာပတ်ခြေဖြင့်လည်းကောင်း စက္ကန့်ပိုင်းအတွင်း ပွဲသိမ်းခဲ့ပြီး ပွဲသိမ်းအမြန်ဆုံးစံချိန်တင်ထားသူ ရန်ကြီးအောင်က သူ၏ ထူးချွန်သော တိုက်ကွက်မှာ ပင့်ဒူးဟုဆိုသည်။ ဖခင်ဖြစ်သူ ရိုးရာ လက်ဝှေ့သမား တိုင်းကျော်(ခ) စောကျော်ကျော်၊ ဦးလေးဖြစ်သူ စောကျား သွေးတို့၏ သင်ကြားမှုဖြင့် ငယ်စဉ်ကပင် ရိုးရာလက်ဝှေ့ကြိုးဝိုင်းသို့ ဝင်ရောက်ခဲ့သူဖြစ်၏။

အရပ် ၅ပေ ၁၀လက်မ၊ လက်တံအရှည် ၆၄လက်မခွဲရှိသူ အာကာဟိန်းကလည်း စိန်ခေါ်ပွဲပေါင်း ၂၀ခန့် နွှဲထားဖူးသည်။ ၎င်း၏စိတ်ကြိုက်တိုက်ကွက်ကလည်း ပင့်ဒူးဟုဆိုသည်။ ၎င်းနှင့်အတူ မြို့တော်စည်ပင် အသင်းကိုယ်စားပြု၍ ရွှေခါးပတ်ပြိုင်ပွဲဝင်မည့် ညီဖြစ်သူ ဟိန်းညီညီက လူသာငယ်သော်လည်း ပညာမငယ်ဘဲ စိန်ခေါ်ပွဲပေါင်း ၃၀ခန့် နွှဲထားဖူးသည်။ ဟိန်းညီညီ၏ တံတောင်ရိုက်ချက်များကြောင့် ဟက်တက်ကွဲသွားသောလက်ဝှေ့ သမားတို့လည်း မနည်းတော့။ ၎င်းတို့ညီအစ်ကိုနှစ်ဦးသည် ညောင်လေးပင်၊ မဒေါက်နယ်မှ နာမည်ကျော် လက်သီးမောင်မောင်ခေါ် ရိုးရာလက်ဝှေ့ကျော် ဦးပန်းကြိုင်၏သားများဖြစ်သည်။ ညီအစ်ကိုနှစ်ဦးက ဝိတ်တန်းအလိုက် ရွှေခါးပတ်ကိုယ်စီ ဆင်မြန်းရန် ကြိုးပမ်းနေကြသည်။

ယခုပြိုင်ပွဲတွင် မြို့တော်စည်ပင် အသင်းကို ကိုယ်စားပြု၍ လိုက်ဝယ်လ်တာဝိတ်တန်း ရွှေခါးပတ်ယူမည့် ကျန်စစ်အောင်သည် အသက်(၂၁)နှစ်သာ ရှိသေးသော်လည်း ဖခင်ဖြစ်သူ တွံတေးဝမ်းနိုင်း၊ ဦးလေးဖြစ်သူနိုင်းဝမ်းလေးတို့ထံမှ ရိုးရာလက်ဝှေ့ပညာအမွေရထားသဖြင့် ခြေကန်ရောလက်သီးပါ အထူးကောင်းမွန်သည်။ ၎င်း၏ ညာဖြောင့်လက်သီးတစ်လုံးက ပွဲသိမ်းနိုင်စွမ်းရှိသည်။

၎င်းတို့နှင့်အတူ အောင်သူရ၊ ပါပူး၊ ပအိုဝ်းလေးတို့ကလည်း မိမိတို့ ဝိတ်တန်းအလိုက် ရွှေခါးပတ်ရယူကာ မြို့တော်စည်ပင်ကလပ်အသင်းအတွက် တံခွန်စိုက်ဒိုင်းဆု ယူပေးရန် ဆန္ဒပြင်းပြနေကြသည်။ အောင်သူရနှင့် ပါပူးလေးတို့က ဘယ်ဖြောင့်ပွဲသိမ်း လက်သီးများ ပိုင်ဆိုင်ထားပြီး ပအိုဝ်းလေးက တောင်ငူမှ ဆရာမြင့်အောင်လေး၏ တပည့်ပီသစွာ ရိုးရာအချုပ်အသိုင်းပညာကို ပိုင်နိုင်စွာ ကျင့်သုံးတတ်သည်။

ယခုပြိုင်ပွဲကြီးကို Main Sponsor အဖြစ် တာဝန်ယူ ပံ့ပိုးကူညီသော ကယ်လ်ဆမ်ကွေကာ (MDG ကုမ္ပဏီ)ကလည်း မြို့တော်စည်ပင် အသင်းသားများအတွက် အားကစားဝတ်စုံများသာမက အာဟာရဖြည့်တင်းရန် ကယ်လ်ဆမ်ကွေကာများ ပံ့ပိုးပေးကြောင်းသိရသည်။ ။

# တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားများ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၉

**ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်အတွင်းရှိ ဒဂုံပရိယတ္တိစာသင်တိုက်၊ ဒက္ခိဏာရာမစာသင်တိုက်နှင့် ကျားကူးကျောင်းတိုက်များသို့ တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော် ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ ကျားကူးကျောင်းတိုက် ကျားကူးဓမ္မဗိမာန်တော်ကြီး၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။**

အခမ်းအနားသို့ ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်အတွင်းရှိ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ဆရာတော်များနှင့် ဘုန်းတော်ကြီးစာသင်တိုက် သုံးတိုက်မှ ပဓာနနာယက ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စေတနာရှင် အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဒဂုံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ကမ္ဘာအေးကျောင်းဆရာတော် ဘဒ္ဒန္တ ရေဝတထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဒဂုံမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကမ္ဘာအေးကျောင်း ဆရာတော် ဘဒ္ဒန္တရေဝတအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့်ပဲများကို တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများကိုယ်စား တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးသုံးဦးတို့က ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဆွမ်းဆန်တော်များကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး **စာမျက်နှာ ၉ ကော်လံ ၁ သို့**





**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဧည့်ပရိသတ်များ ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ကိုးတိုက်နှင့် သီလရှင် စာသင်တိုက်နှစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။** (သတင်းစဉ်)

## MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်း အစီအစဉ်များ မြို့လေးမြို့တို့၌ ထပ်မံဖမ်းယူကြည့်ရှုနိုင်ပြီ

နေပြည်တော် ဩဂုတ် ၁၉

MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်း အစီအစဉ်များကို ရန်ကုန်၊ စစ်ကိုင်း၊ ပဲခူး၊ တောင်ကြီး၊ မော်လမြိုင်၊ ပြည်၊ ကျောင်းကုန်းနှင့် မင်းလှမြို့တို့မှ ဖမ်းယူကြည့်ရှုနိုင်ရန် ထုတ်လွှင့်ပေးထားပြီးဖြစ်ရာ ဩဂုတ်လမှစ၍ ထပ်မံတိုးချဲ့တည်ဆောက်ပြီးစီးသော နေပြည်တော်ပျဉ်းမနား၊ တောင်ငူ၊ မင်းဘူးနှင့် ပြင်ဦးလွင်မြို့တို့မှလည်း ဒစ်ဂျစ်တယ်ရုပ်သံဖမ်းစက်ဖြင့် ဖမ်းယူ ကြည့်ရှုနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ယနေ့မိုးလေဝသ (၂၀–၈–၂၀၀၇)

**နေပြည်တော်**

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။**

**ရန်ကုန်**

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

**မန္တလေး**

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။**

## NLD ပါတီသည် နိုင်ငံနှင့်လူမျိုးကို အကျိုးပြုသော ပါတီကြီးတစ်ခုဖြစ်လာလိမ့်မည်ဟု မျှော်လင့်ခဲ့သော်လည်း ပါတီခေါင်းဆောင်များ ပုဂ္ဂိုလ်ရေးအာဃာတဖြင့် အဖျက်လုပ်ရပ်များကိုသာ လုပ်ဆောင်နေ လပွတ္တာမြို့နယ်မှ ပါတီဝင် ၁၁ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဩဂုတ် ၁၉

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးအုန်းရွှေ၊ ဦးအောင်ရှိန်၊ ဦးလှတင့်၊ ဒေါ်ချောစိန်၊ ဒေါ်ခင်ပြုံး၊ ဦးသန်းဌေး၊ ဦးမြင့်သိန်း၊ ဦးသိန်းရွှေ၊ ဒေါ်အုန်းရွှေနှင့် ဦးခင်ဝင်းတို့အပါအဝင် ပါတီဝင် ၁၁ဦးတို့သည် ဩဂုတ် ၁၀ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **စာမျက်နှာ ၉ ကော်လံ ၁ သို့**